# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။


**အောင်မြင်ကြီးပွားကြောင်း ကျင့်စဉ်လေးမျိုး**

- ထကြွလုံ့လဝီရိယရှိခြင်း
- ရရှိပြီးသော စည်းစိမ်ဥစ္စာကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း
- ဝင်ငွေ ထွက်ငွေ ညီညွတ်မျှတတိုင်းထွာ၍ အသက်မွေးခြင်း
- ကောင်းသော အဆွေခင်ပွန်းရှိခြင်း

# ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ငန်းကြီးများမှ ပူးပေါင်းဆောင်ရွက်လာစေရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဒုတိယသမ္မတဦးညဏ်ထွန်းသည် ကမ္ဘာ့စီးပွားရေး ဖိုရမ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဖိလစ်ရော့စ်လာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယ ဝန်ကြီး ဦးသန့်ကျော်၊ ဒေါ်လဲ့လဲ့သိန်းနှင့် မြန်မာနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့ တက်ရောက်ကြ သည်။

တွေ့ဆုံစဉ် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် နှစ်ပတ်လည်အစည်းအဝေးများနှင့် အာရှနိုင်ငံများ၌ အလှည့်ကျကျင်းပလေ့ရှိသည့် အရှေ့ အာရှစီးပွားရေးဖိုရမ်များတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက် မှုရည်မှန်းချက်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း စဉ်များ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းကြီး များမှ သိရှိနားလည်ပူးပေါင်းဆောင်ရွက်လာစေရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**



**ဒုတိယသမ္မတဦးညဏ်ထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ဖိလစ်ရော့စ်လာ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော် အစည်းအဝေး**

## ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံးဥပဒေဖြစ်သည့်အတွက် သေချာစွာဆောင်ရွက်ရန်လိုအပ်

စာ » ၇

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## ပြည်သူတစ်ဦးချင်းစီအတွက် ကျန်းမာရေးအသုံးစရိတ် ကျခံသုံးစွဲမှုသည် တစ်နှစ်လျှင် ၁၁ ဒေါ်လာနှုန်းရှိ

စာ » ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

စာ » ၇



# အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ ဆီမီးသို့ ဖိလစ်ပိုင်အသင်း တက်ရောက်

**သတင်း-ညီမြတ်သော်တာ**

**ဟနွိုင်း နိုဝင်ဘာ ၂၅**

အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ပွဲစဉ်များ ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပရာ ဖိလစ်ပိုင်အသင်းကနှစ်ပွဲဆက် ဂိုးပြတ်နိုင်ပွဲရရှိပြီး ဆီမီး ဖိုင်နယ်သို့ တက်ရောက်သွားသည်။

| | | |
|---|---|---|
| **ဖိလစ်ပိုင်** | - | **လေးဂိုး** |
| **အင်ဒိုနီးရှား** | - | **ဂိုးမရှိ** |

ယခုနောက်ပိုင်း အာဆီယံဘောလုံးလောကတွင် ထူးထူးခြားခြား တိုးတက်မှုရှိလာသည့်ဖိလစ်ပိုင်အသင်းသည် ယခုပြိုင်ပွဲတွင်လည်း နှစ်ပွဲဆက်နိုင်ပွဲရယူပြီး အုပ်စုပွဲစဉ်များမကုန်ဆုံးမီမှာပင် ဆီမီးဖိုင်နယ် သို့ တက်ရောက်ခွင့်ရရှိသွားသည်။ ဖိလစ်ပိုင်အသင်းသည် ဆုဇူကီး ဖလားပြိုင်ပွဲတွင် ၂၀၁၀၊ ၂၀၁၂ နှင့် ယခု ၂၀၁၄ ပြိုင်ပွဲ သုံးကြိမ် ဆက်တိုက် ဆီမီးဖိုင်နယ်သို့ *စာမျက်နှာ ၃ ကော်လံ ၃* ❐


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

- အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ကားများကို နိုင်ငံတကာအဆင့်မှီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘုတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မျိုးဆက်သစ်အားကစားသမားများမွေးထုတ်

အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခြင်းဖြစ်သည်ဟုဆိုကြပါသည်။ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်စွမ်းရှိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်လျက် ပြိုင်ပွဲများ၌ ယှဉ်ပြိုင်အနိုင်ရစေခြင်းဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်လျက်ရှိပါသည်။ အားကစားသည် ကိုယ်လက်ကျန်းမာကြံ့ခိုင်စေရုံမျှမက နိုင်ငံတစ်နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း အားကစားအောင်မြင်တိုးတက်ရေးအတွက် အထူးအားပေးလျက်ရှိသည်။

ပြီးခဲ့သည့် ဆီးဂိမ်းတွင်ရရှိထားသော အောင်မြင်မှုများ ဆက်လက်ထိန်းထားနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ အားကစားနည်းများအလိုက် ပြိုင်ပွဲများကျင်းပကာ ရွက်ပုံးသီးအားကစားသမားကောင်းများ ဖော်ထုတ်လေ့ကျင့်ပေးရေး အစီအစဉ်များကို ဆောင်ရွက်နေသကဲ့သို့ အားကစားနှင့်ကာယပညာသိပ္ပံများ တိုးချဲ့ဖွင့်လှစ်၍ မျိုးဆက်သစ်အားကစားသမားများကိုလည်း မွေးထုတ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက နိုဝင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ရောက်ရှိစဉ် အားကစားနှင့်ကာယပညာသိပ္ပံများပေါ်ထွန်းလာပြီဖြစ်၍ အားကစားကဏ္ဍတွင် အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း အားကစားပညာသိပ္ပံများ၌ မိမိတို့ရိုးရာ အားကစားနည်းများနှင့် လက်ရှိသင်ကြားပေးနေသည့် အားကစားနည်း ၁၀ မျိုးအပြင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်စေရန် ပြေးခုန်ပစ်၊ ရေကူးစသည့် နိုင်ငံတကာအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရေတိုရေရှည် စီမံချက်များရေးဆွဲ၍ ထည့်သွင်းလေ့ကျင့် သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တို့ကို ဖွင့်လှစ်ပြီးနောက် စတုတ္ထမြောက်အဖြစ်ဖွင့်လှစ်နိုင်သော အားကစားနှင့်ကာယပညာသိပ္ပံဖြစ်ပါသည်။ ရန်ကုန်နှင့်မန္တလေးတို့သည် (က)အဆင့်ရှိပြီး မော်လမြိုင်နှင့်တောင်ကြီးမှာ (ခ)အဆင့်ရှိကြောင်း သိရပါသည်။ ဤသို့ အားကစားနှင့်ကာယပညာသိပ္ပံများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် အဓိကအားထားရမည့် မျိုးဆက်သစ်လူငယ်အားကစားသမားများကို ပိုမိုမွေးထုတ်ပေးလာနိုင်တော့မည်ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပေါ်ထွက်လာသော ရွက်ပုံးသီးအားကစားသမားများနှင့်အတူ အားကစားနှင့်ကာယပညာသိပ္ပံတို့မှ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။ အားကစားသည် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့်အပြင် ကမ္ဘာကပို၍သိရှိလာစေခြင်းဖြင့် အကျိုးစီးပွားအမျိုးမျိုးကိုလည်း ဆောင်ကြဉ်းပေးနိုင်စွမ်းရှိပါသည်။ သို့ဖြစ်၍ လာမည့်အရှေ့တောင် အာရှအားကစားပြိုင်ပွဲအပြင် နိုင်ငံတကာပြိုင်ပွဲများပါ ဝင်ရောက်ယှဉ်ပြိုင်နိုင်သော မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ဖျာပုံခရိုင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဖျာပုံခရိုင်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က ဖျာပုံမြို့ လိပ်ဥကုန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ဘိုကလေးမြို့နယ် ချောင်းရဲကြီးကျေးရွာအုပ်စု ဇီးဖြူရွာမ ကျေးရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) တည်ဆောက်ရန် ငွေကျပ်သိန်း ၇၅၀၊ ဖျာပုံမြို့နယ် မီးဘေးဒဏ်သင့် အိမ်ထောင်စုသုံးစုအတွက် ငွေကျပ်ခြောက်သိန်း၊ ဘိုကလေးမြို့နယ် မီးဘေးဒဏ်သင့် အိမ်ထောင်စုနှစ်စုအတွက် ငွေကျပ်လေးသိန်း၊ (၁၈) ရပ်ကွက် လိပ်ဥကုန်းဘုရား ဆွမ်းလောင်းဓမ္မာရုံ တည်ဆောက်ရန် သွပ်အချပ် ၅၀၊ ရွှေနတ်ကူဘုရား ဓမ္မာရုံ ပြန်လည်တည်ဆောက်ရန် သွပ်အချပ် ၅၀၀၊ ဦးအောင်ဇော်မြင့်-ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ပြည်ထောင်စုဝန်ကြီး မိသားစုအနေဖြင့် လိပ်ဥကုန်းဘုရား ဆွမ်းလောင်းဓမ္မာရုံတည်ဆောက်ရန် ငွေကျပ်ငါးသိန်းနှင့်ကန်တော့်မင်္ဂလာ ဘိုးဘွားရိပ်သာ အဘိုးဆောင်ဆောက်လုပ်ရန် ငွေကျပ်ငါးသိန်းတို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်ချီးမြှင့်ပြီး မွန်းလွဲပိုင်းတွင် ဒေးဒရဲမြို့သို့ရောက်ရှိပြီး ချောင်းဖျားကျေးရွာ ဘုရားတန်ဆောင်း၌ ရွာသူရွာသားများနှင့်တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ရွာလုံးကျွတ်မီးလင်းရေးအတွက် ဆိုလာပါဝါ ၁၁၅ စုံကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်များအစည်းအရုံးမှ ဖွင့်လှစ်ထားသည့် မိဘမဲ့နှင့် ဆင်းရဲသောလူငယ်များ ကျောင်းပညာ ဆက်လက်သင်ကြားနေမှုကို ကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီး မိသားစုက ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဝန်ကြီးဌာနမှ တီရှပ်များ ထောက်ပံ့ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ ဒေးဒရဲမြို့နယ် သတ္တမအကြိမ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ် ပင့်ဆောင်ပူဇော်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




# နိုင်ငံတကာရဲလုပ်ငန်း ဆောင်ရွက်မှု စံညွှန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ရဲအရာရှိကြီးများအတွက် နိုင်ငံတကာရဲလုပ်ငန်းဆောင်ရွက်မှု စံညွှန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ICRC မှ Mr.John Erik Jensen၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ တိုင်းဒေသကြီး ဒုရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများနှင့် ဒုဌာနခွဲမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သည့် ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဝင်းနိုင်နှင့် Mr. John Erik Jensen တို့က အမှာစကားပြောကြားခဲ့ကြပြီး Mr. John Erik Jensen က ရဲမှူးကြီးဝင်းနိုင်ထံသို့ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စိုးဝင်း (SP)**

# ကျန်းမာရေးအသိပညာပေးစကားဝိုင်းကျင်းပ


**တောင်သာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဇရပ်ကြီး ကျေးရွာအုပ်စု ဇေယျာသီရိကျေးရွာတွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင် ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ယင်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါကျန်းမာရေး အသိပညာ ပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေး ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်နှင့် မြို့နယ်ကျန်းမာရေးသူနာပြု(၁) ဒေါ်ခင်မာသန်းတို့က ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျေးလက် နေအမျိုးသမီးငယ်များကို ဝမ်းပျက် ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျန်းမာရေးနှင့် လူကုန်ကူးမှုများအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ယင်းကျေးရွာရှိ အသက် ၁၀၈ နှစ်ရှိ ဒေါ်ရန်ပုကို ငွေကျပ် ၅၀၀၀၀ နှင့် ငှက်ပျောသီး၊ ကြက်ဥများ လှူဒါန်းကန်တော့ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**




**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**




ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  နိုဝင်ဘာ  ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr.Roland Kobia အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများတက်ရောက်ကြပြီး ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr.Roland Kobia နှင့်အတူ နိုင်ငံရေးအကြံပေး Mrs. Isabell Poppelbaum တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးတိုးတက်မှု အခြေအနေများ၊ တပ်မတော်ချင်း ထိတွေ့ဆက်ဆံနိုင်မည့် နယ်ပယ်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တပ်မတော်၏ရပ်တည်လုပ်ဆောင်မှုများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ တိုင်းရင်းသားစုစည်းညီညွတ်ရေးဆိုင်ရာများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော်  နိုဝင်ဘာ  ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(မြန်မာ့အလင်း)**

# သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ပူးတွဲခန့်အပ်

**နေပြည်တော်  နိုဝင်ဘာ  ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဝင်ခွင့်ရ စာရင်းထုတ်ပြန်

**ရန်ကုန်  နိုဝင်ဘာ  ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပထမနှစ် BBM (Bachelor of Business Management)၊ B.A (EPP) (English for Professional Purposes)၊ B.A (Tourism) နှင့် B.A (Journalism) ဝင်ခွင့်ရကျောင်းသားကျောင်းသူများစာရင်းကို ထုတ်ပြန်ကြေညာထားသည်။

အဆိုပါစာရင်းအရ ပထမနှစ်ဘာသာရပ်အလိုက် ဝင်ခွင့်ရကျောင်းသား ကျောင်းသူဦးရေမှာ BBM သင်တန်း ၁၀၆ ဦး၊ EPP သင်တန်း ၁၀၅ ဦး၊ JNL သင်တန်း ၁၀၁ ဦးနှင့် Tourism သင်တန်း ၃၉၄ ဦးတို့ဖြစ်သည်။

ဝင်ခွင့်ရအနိမ့်ဆုံးရမှတ်မှာ BBM- ၄၇၄ မှတ်၊ EPP- ၄၆၉ မှတ်၊ Journalism -၄၀၀ မှတ်နှင့် Tourism -၄၂၃ မှတ် တို့ဖြစ်သည်။

အဆိုပါဘာသာရပ်အလိုက် တက်ရောက်သင်ကြားခွင့်ရ ကျောင်းသားကျောင်းသူများသည် နိုဝင်ဘာ ၂၆ ရက်မှစ၍ အစိုးရရုံးဖွင့်ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျောင်းဝင်ခွင့်ပုံစံနှင့်အတူ ငွေသွင်းခွင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။ ဒီဇင်ဘာ နှစ်ရက်တွင် ဒုတိယနှစ်နှင့်အထက် သင်တန်းများနှင့် ဒီဇင်ဘာ ၄ ရက်တွင် ပထမနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**အေးကို(သတင်းစဉ်)**

# အာဆီယံဒေသတွင်းသတင်းမီဒီယာများမှ အယ်ဒီတာများ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၂၅**

အာဆီယံဒေသတွင်း သတင်းမီဒီယာများမှ အယ်ဒီတာများ၏ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ယနေ့ကျင်းပခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်၊ အာဆီယံနှင့်အရှေ့အာရှဒေသတွင်း စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ERIA မှအမှုဆောင်အရာရှိချုပ် Professor Hidetoshi Nishimura မဇ္ဈိမမီဒီယာမှ အယ်ဒီတာချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ၊ စကားဝိုင်းဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးမည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် အာဆီယံဒေသဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုများ "Challenges to Rising ASEAN" ဟူ၍ ဦးတည်ဆွေးနွေးခဲ့ပြီး ERIA မှ အမှုဆောင်အရာရှိချုပ် Professor Hidetoshi Nishimura နှင့် မဇ္ဈိမမီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "၂၀၁၅ အလွန် မြန်မာ-အာဆီယံ" ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**




ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အာဆီယံဥက္ကဋ္ဌသစ်နှင့် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး ပေါင်းစည်းမှုတွင် ဒေသတွင်း ဘက်စုံလွှမ်းခြုံနိုင်သော စီးပွားရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး၏အကျိုးဆက်များ၊ အာဆီယံမြင့်တင်ရေးတွင် အနာဂတ်စိန်ခေါ်မှုများ၊ အာဆီယံဆက်သွယ် ပေါင်းစည်းမှုနှင့် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်များကို စကားဝိုင်းဆွေးနွေးခဲ့သည်။

ထို့အပြင် မီဒီယာကဏ္ဍဆွေးနွေးမှုအဖြစ် အာဆီယံမြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများတွင် အရှေ့နှင့် အနောက်အမြင်များကိုဂျပန်နိုင်ငံမှ NHK သတင်းဌာန၊ထိုင်းနိုင်ငံမှ The Nation သတင်းစာ၊ နယူးဇီလန်နိုင်ငံမှ Fairfax Media၊ Asia Wall Street ဂျာနယ်နှင့် တရုတ်နိုင်ငံမှ People's Daily သတင်းမီဒီယာများမှတာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများ အပြီးတွင် အာဆီယံ အတွင်းရေးမှူးချုပ် လီယောင်မင်သည် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော အာဆီယံဒေသတွင်း သတင်းမီဒီယာများမှ အယ်ဒီတာများနှင့် အာဆီယံဒေသတွင်းအရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး အယ်ဒီတာများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ERIA မှ Senior Communication Advisor Mr. Kavi Chongkittavorn ကနိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ တတိယအကြိမ်မြောက် အာဆီယံဒေသတွင်း အယ်ဒီတာများ စကားဝိုင်းဆွေးနွေးပွဲကို အာဆီယံ -အရှေ့အာရှ စီးပွားရေးဆိုင်ရာ သုတေသနသင်တန်းကျောင်း (Economic Research Institute for Asean and East Asia-ERIA) နှင့် မဇ္ဈိမမီဒီယာတို့ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

သွားမှာဖြစ်ပါတယ်။ ပြီးတော့ ဂျပန်နိုင်ငံကိုလည်း သွားရောက်ပူးတွဲလေ့ကျင့်မှုတွေပြုလုပ်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ဝင်းဝင်းမော်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့အနေဖြင့် အောင်မြင်မှုအထိုက်အလျောက်ရရှိခဲ့သော်လည်း စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ယခုထက် ပိုမိုအောင်မြင်မှုရရှိရန် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုတစ်ရပ်အနေဖြင့် ပြည်ပနိုင်ငံများသို့လည်း ပူးတွဲသွားရောက်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာက သူများနိုင်ငံတွေလို ဂျူဒိုအားကစားနည်းကို သိပ်မပြန့်ပွားသေးဘူးလို့ ပြောလို့ရတယ်။ အခု အရှေ့တောင်အာရှမှာဆိုရင် ဗီယက်နမ်နဲ့ထိုင်းက တော်တော်ကို ဂျူဒိုအားကစားသမားကောင်း မျိုးဆက်သစ်တွေ ပေါ်ထွက်လာတယ်။ ကျွန်တော်တို့ဆီမှာလည်း အဲဒီလိုမျိုးဆက်သစ်လူငယ်တွေ မွေးထုတ်ပေးဖို့လိုတယ်။ အဲဒါမှ မြန်မာဂျူဒိုလောက ဒီထက်ပိုမိုဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်" ဟု ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အမျိုးသား ဂျူဒိုအားကစားသမားတစ်ဦးက ပြောသည်။

Japan Cup ဂျူဒိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယပူးတွဲအပါအဝင် အကောင်းဆုံးအမျိုးသားဆု၊ အကောင်းဆုံး အမျိုးသမီးဆုနှင့် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❒ *ရှေ့ဖုံးမှ*

တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းသည် ယခုပွဲကစားရာတွင် အမှားအယွင်းများခဲ့သကဲ့သို့ ပွဲအစပိုင်း၌ ပယ်နယ်တီပေးခဲ့ရခြင်း၊ မိနစ် ၇၀ ကျော်တွင် ကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့်လည်း ဂိုးပြတ်သွားရခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် ပယ်နယ်တီမှ ဖိလစ်ယန်း ဟက်စဘန်း၊ ၅၂ မိနစ်တွင် အော့သ်၊ ၆၈ မိနစ်တွင် မာတင်နှင့် ၇၉ မိနစ်တွင် ရောဘတ်တို့က သွင်းယူပေးခဲ့သည်။

ဒုတိယပွဲအဖြစ် လာအိုနှင့် အိမ်ရှင်ဗီယက်နမ်တို့ ယှဉ်ပြိုင်ရာ ဗီယက်နမ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နိုဝင်ဘာ ၂၆ ရက် (ယနေ့)တွင် အုပ်စု(ခ)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် မလေးရှား၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့်စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## နိုင်ငံတကာသတင်း

# လစ်ဗျားလေဆိပ်၌ တိုက်ခိုက်မှုဖြစ်ပွား

**ထရီပိုလီ နိုဝင်ဘာ ၂၅**

လစ်ဗျား လေတပ်ဂျက်လေယာဉ်တစ်စင်းက မြို့တော်ထရီပိုလီရှိ မိုင်တီဂါ လေတပ်အခြေစိုက်စခန်းသို့ အဓိကတိုက်ခိုက်မှုနှစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် လေယာဉ်ပြေးလမ်းအနီးထိမှန်ခဲ့ပြီး ပျက်စီးမှုမရှိဟု ဆိုသည်။ သို့သော်လည်း အနီးအနားရှိ နေအိမ်အချို့ ပျက်စီးသွားခဲ့သည်။

ထရီပိုလီမြို့ကို ထိန်းချုပ်ထားသော ညွန့်ပေါင်းပြည်သူ့စစ်များက အဆိုပါတိုက်ခိုက်မှုသည် ပြည်ပကျောထောက် နောက်ခံပြုသောတပ်များက ကျူးကျော်ရန်စနေခြင်းဖြစ်သည်ဟု ပြောဆိုလျက်ရှိသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ထရီပိုလီမြို့ကို ဆင်းသက်သော လေယာဉ်များသည် မစ်ဆရာတာ လေဆိပ်သို့ လမ်းကြောင်းပြောင်း ဆင်းသက်ခဲ့ရသည်ဟု ဒေသမီဒီယာများက ပြောသည်။ သို့သော်လည်း မိုင်တီဂါလေဆိပ်သည် မကြာမီ ပြန်လည် စတင်ပျံသန်းမှုလုပ်ငန်းများ စတင်ခဲ့သည်။

လေကြောင်းလိုင်းများ အနေဖြင့် တိုက်ခိုက်မှုများကြောင့် ထရီပိုလီမြို့၏ အဓိကနိုင်ငံတကာလေဆိပ်ကြီး ပျက်စီးသွားချိန် ဇူလိုင်လမှ စတင်ကာ စစ်ဘက်လေတပ်အခြေစိုက်စခန်းဖြစ်သည့် မိုင်တီဂါကို လေဆိပ်ကို အသုံးပြုနေရသည်ဟု ဆိုသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှု၏နောက်ကွယ်တွင် မိမိတပ်ဖွဲ့ဝင်များရှိကြောင်း လစ်ဗျား လေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆာကွာအယ်လ်ဂျာရူရှီက အေအက်ဖ်ပီသို့ ပြောသည်။ **(ဘီဘီစီ)**



အိုင်အက်စ် အကြမ်းဖက်သမားများကို ကာကွယ်တိုက်ခိုက်နေသော ဗိုလ်ချုပ်ကြီးဟောင်း ဟက်ဖ်တာ၏တပ်ဖွဲ့ဝင်များကို ဘန်ဂါဇီမြို့တွင် တွေ့ရစဉ်။

# ဟောင်ကောင်အဓိကဆန္ဒပြရာနေရာမှ အတားအဆီးများ တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းမှုပြုလုပ်



**ဟောင်ကောင် နိုဝင်ဘာ ၂၅**

နှစ်လနီးပါးကြာ အစိုးရကိုဆန့်ကျင်ဆန္ဒပြနေသော ဟောင်ကောင်ဆန္ဒပြမှုမှာ တဖြည်းဖြည်းနည်းပါးသွားပြီဖြစ်၍ အာဏာပိုင်များက အဓိကသပိတ်စခန်းများမှ အတားအဆီးများကို ရှင်းလင်းဖယ်ရှားနေပြီဖြစ်သည်။

အင်္ဂါနေ့စောစောပိုင်းက ဒါဇင်နှင့်ချီသော အလုပ်သမားများသည် အမိန့်တစ်ရပ်အရ ဟောင်ကောင်မြို့၏ အဓိကဆန္ဒပြမှုပြုလုပ်ရာ မောင်းကွတ်ခရိုင်ရှိ စျေးလမ်းများပေါ်ရှိ အတားအဆီးအကာအရံများကို ဖယ်ရှားရှင်းလင်းခဲ့သည်။

ဆန္ဒပြသူများက ပြန်လည်ခုခံမှုမပြုလုပ်စေရန်အတွက် ရဲတပ်ဖွဲ့ဝင်များက အဆိုပါရှင်းလင်းဖယ်ရှားမှုကို စောင့်ကြည့်ခဲ့သည်။ လူအများအပြားက အဆိုပါ ရှင်းလင်းဖယ်ရှားမှုအပေါ်ထောက်ခံအားပေးခဲ့ကြသည်။

လွန်ခဲ့သော သီတင်းပတ်ကလည်း ဟောင်ကောင်အစိုးရရုံးများအနီးရှိ အခြားသော အဓိကဆန္ဒပြနေရာကို အမိန့်တစ်ရပ်ဖြင့် ရှင်းလင်းဖယ်ရှားခဲ့သည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် အသင်းအဖွဲ့များက အဆိုပါရှင်းလင်းမှုကို လိုလားလျက်ရှိသည်။

အဆိုပါ ဆန္ဒပြမှုသည် ၂၀၁၇ ခုနှစ် ဟောင်ကောင်အုပ်ချုပ်ရေးမှူးရွေးချယ်ပေးရေးကိစ္စအပေါ် မကျေနပ်မှုကြောင့် စက်တင်ဘာလကုန်ပိုင်းက စတင်ခဲ့သည်။ ဟောင်ကောင်အုပ်ချုပ်ရေးမှူးရာထူးအတွက် အဆိုပြုပေးထားသူ အုပ်ချုပ်ရေးမှူးလောင်းနှစ်ဦး သို့မဟုတ် သုံးဦးထဲမှသာရွေးချယ်ရမည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# တောင်ကိုရီးယားက အငြင်းပွားနေသော ကျွန်းများကာကွယ်ရန် စစ်ရေးလေ့ကျင့်ခန်းပြုလုပ်

**ဆိုးလ် နိုဝင်ဘာ ၂၅**

တောင်ကိုရီးယား တပ်ဖွဲ့များအနေဖြင့် ၎င်းတို့ထိန်းချုပ်ထားသော ကျွန်းများတွင် စစ်ရေးလေ့ကျင့်ခန်းများ တနင်္လာနေ့က ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

အဆိုပါနှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုမှာ ၎င်းတို့၏အမိမြေကို ပြည်ပတပ်ဖွဲ့များ၏ ကျူးကျော်မှုရန်မှကာကွယ်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဝီရောင်ဆီက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အဆိုပါစစ်ရေးလေ့ကျင့်ခန်းများတွင် အများအားဖြင့် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၊ ကမ်းရိုးတန်းကင်းလှည့်သင်္ဘောများ ပါဝင်နေကျဖြစ်သော်လည်း ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် ရေတပ်သင်္ဘောများသာ ပါဝင်ခဲ့ရသည်။

မရင်းတပ်သားများအား လေယာဉ်ဖြင့်ကျွန်းသို့ သယ်ဆောင်ရေးလေ့ကျင့်ခန်းကို ရာသီဥတုအခြေအနေကြောင့် ဖျက်သိမ်းလိုက်ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်ပြီး မေ ၃၀ ရက်တွင် ပထမဆုံးစစ်ရေးလေ့ကျင့်ခန်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကျိုဒို)**

# ဆွစ်အနုပညာပြတိုက် နာဇီခေတ်အနုပညာများကို ပြသရန်သဘောတူ

**ဂျနီဗာ နိုဝင်ဘာ ၂၅**

ဆွစ်ဇာလန်နိုင်ငံ ဘန်းအနုပညာပြတိုက်သည် ရာပေါင်းများစွာသော နာဇီခေတ်အနုပညာပစ္စည်းများကို ပြသရန်သဘောတူခဲ့သည်။ ၎င်း အနုပညာပစ္စည်းများသည် ဂျာမန်နာဇီခေတ် အနုပညာပစ္စည်းစုဆောင်းသူ ကောနီးယက်စ်ဂါလစ်ဖ်၏ အနုပညာအမွေပစ္စည်းများဖြစ်သည်။

သို့သော်ပြတိုက်ပြောရေးဆိုခွင့်ရှိသူက ဒုတိယကမ္ဘာစစ်အတွင်း နာဇီသိမ်းပိုက်ရယူခဲ့သော အနုပညာပစ္စည်းများကို ပြသခွင့်ပြုမည်မဟုတ်ကြောင်း ပြောခဲ့သည်။



မစ္စတာဂါလစ်ဖ်တွင် ပီကာဆိုနှင့် မိုနေးအပါအဝင်ရှားကျော်ကြားသောပန်းချီဆရာများ၏ တိမ်မြုပ်ပျောက်ကွယ်နေသော နာမည်ကြီးအနုပညာလက်ရာ များစွာရှိသည်။

ယခုအချိန်ထိ ပိုင်ရှင်မဲ့အနုပညာလက်ရာများ ဂျာမနီနိုင်ငံတွင် ၅၀၀ ကျော်ရှိမည် ဟုခန့်မှန်းရသည်။

မက်စ်လိုက်ဘာမန်း၊ ဟင်နရီမက်တစ်နှင့် ကားလ်စပစ်ဝက်ဂ်တို့၏ နာမည်ကျော် အနုပညာပစ္စည်းသုံးမျိုးကိုလည်း ပိုင်ရှင်များလက်ထဲသို့ ပြန်လည်ပေးအပ်ခဲ့ပြီဖြစ်ကြောင်း ဂျာမန်အာဏာပိုင်များက ပြောခဲ့သည်။

သို့သော်လည်း နာဇီများသိမ်းယူခဲ့သော အခြားအနုပညာပစ္စည်းများ ပိုင်ရှင်မှန်ထံ ပြန်ရောက်မရောက် ဆိုသည်ကို မသိရသေးပေ။

အသက် ၈၁ နှစ်ရှိပြီဖြစ်သော မစ္စတာဂါလစ်ဖ်သည် မေလတွင် သေဆုံးခဲ့သည်။ ဘန်းအနုပညာပြတိုက်သည် ၎င်းကို နာဇီခေတ်အနုပညာပစ္စည်းများကို တစ်ဦးတည်းအမွေဆက်ခံသူအဖြစ် သတ်မှတ်ခဲ့သည်။ **(ဘီဘီစီ)**

# အိန္ဒိယ ဂန္ထဝင်အက ဖန်တီးရှင် စီတရာဒေဝီကွယ်လွန်

**နယူးဒေလီ နိုဝင်ဘာ ၂၅**

အိန္ဒိယနာမည်ကြီး ကချေသည်စီတရာဒေဝီသည် အသက် ၉၄ နှစ်တွင် မွန်ဘိုင်း၏ အနောက်ဘက်မြို့တော်၌ ကွယ်လွန်ခဲ့သည်။

ကျောက်ကပ်ရောဂါခံစားနေရသော စီတရာဒေဝီကို ယခုလအစောပိုင်းက ၎င်းကျောက်ကပ်ခွဲစိတ်ခဲ့သော ဆေးရုံသို့ပို့ဆောင်ခဲ့သော်လည်း အင်္ဂါနေ့ အစောပိုင်းက ကွယ်လွန်ခဲ့ကြောင်း ၎င်း၏မိသားစုဝင်များက ပြောခဲ့သည်။

စီတရာဒေဝီသည် အိန္ဒိယဂန္ထဝင်အက ကသက်ခ်ကို ခေတ်မီဆန်းသစ်တီထွင်မှုကြောင့် နာမည်ကြီးခဲ့သည်။ စီတရာဒေဝီကို ကာလကတ္တားမြို့ အရှေ့ပိုင်းတွင် ၁၉၂၀ ပြည့်နှစ်ကမွေးဖွားခဲ့ပြီး အသက် ၁၁ နှစ်တွင် သူမသည် မွန်ဘိုင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

ဆယ်စုနှစ်ခြောက်ခုကျော်ထိ သူသည် ကသက်ခ်အကကိုတီထွင်ဖန်တီးဦးဆောင်သူအဖြစ် ရပ်တည်ခဲ့ကာ ဘောလိဝုဒ်တွင်လည်း ကျော်ကြားခဲ့သည်။ **(ဘီဘီစီ)**




# အမေရိကန်ကွန်ဂရက်က အီရန်ကိုနျူအစီအစဉ်နှင့်ပတ်သက်ပြီး အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၂၅**

အမေရိကန်ကွန်ဂရက်က အီရန်၏ နျူကလီးယားအစီအစဉ်ညှိနှိုင်းဆွေးနွေးမှု တိုးမြှင့်ပေးရန်တောင်းဆိုမှုကို တုံ့ပြန်လိုက်သည်။

အီရန်နိုင်ငံအပေါ် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ကွန်ဂရက်၏ပိတ်ဆို့အရေးယူမှုချမှတ်ခြင်းအပေါ် ဝေဖန်၍ ဘယ်တော့မှမရစေရဟု ရီပက်ပလီကန်အမတ် မာ့ခ်ကစ်ခ်ကဖော်ပြချက်တွင်ပြောခဲ့သည်။ ကွန်ဂရက်သည် အီရန်နိုင်ငံကို နျူကလီးယားဗုံးပြုလုပ်ရန် အချိန်ထပ်မပေးနိုင်တော့ကြောင်း ၎င်းကထပ်လောင်းပြောခဲ့သည်။

ကွန်ဂရက်၏ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ရောဘတ်မီနန်ဒက်ဇ်ကမာ့ခ်၏ အဆိုကို ထောက်ခံခဲ့သည်။ ဥပဒေကြောင်းအရ အရေးယူမှုများသည် နျူကလီးယားအစီအစဉ်ကို ဖြိုခွဲရာတွင် အရေးကြီးကြောင်းပြောခဲ့သည်။

အမတ်လောင်း ဂွန်မက်ကိန်း၊ လင်ဆေးဂရေဟန်နှင့် ကလီရော့တီးတို့ကလည်း အီရန်နိုင်ငံနှင့်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နေစဉ်အတွင်း ၎င်းနိုင်ငံကို အရေးယူပိတ်ဆို့မှုများပိုလုပ်ရန် တိုက်တွန်းပြောကြားခဲ့သည်။ နျူကိစ္စအီရန်နှင့် အမေရိကန်နိုင်ငံတို့၏ နောက်ဆုံးသဘောတူညီမှုကို အတည်ပြုရန် ကွန်ဂရက်သို့ပေးပို့ရမည်ဖြစ်သည်။

ထို့အပြင် ကွန်ဂရက်၏နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ အက်ဒ်ရိုက်ကလည်း အမေရိကန်သမ္မတဘားရတ်အိုဘားမားက အီရန်နိုင်ငံကို အရေးယူပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်သင့်ကြောင်း ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# အကျိုးရှိတာတွေကို အချိန်ပေးပြီးလေ့လာထားမှသာ အရည်အသွေးရှိတဲ့ရေးသားချက်တွေ ရရှိမှာဖြစ်

**အာဆီယံဒေသတွင်း သတင်းမီဒီယာများမှ အယ်ဒီတာများ၏ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Park Royal Hotel တွင် ယနေ့ကျင်းပခဲ့ရာ အာဆီယံဒေသအဆင့်မြှင့်တင်ရေးအတွက် စိန်ခေါ်မှုများနှင့် ကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းမီဒီယာများက ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသော သတင်းမီဒီယာများမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးစိုးမြင့်**
**အယ်ဒီတာချုပ်**
**မဇ္ဈိမသတင်းဌာန**



အဓိကကတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်က မြန်မာအာဆီယံဥက္ကဋ္ဌအနေနဲ့ တာဝန်ယူခဲ့တာမှာ အာဆီယံ Summit က အောင်အောင်မြင်မြင်နဲ့ ပြီးသွားပြီ။ ဒီအာဆီယံ Summit တိုင်းမှာ လုပ်လေ့လုပ်ထရှိတာ တစ်ခုရှိတယ်။ အာဆီယံဒေသအတွင်းက အယ်ဒီတာတွေကို ခေါ်ပြီးတော့ အာဆီယံနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ဆွေးနွေးတဲ့စကားဝိုင်းပဲပေါ့၊ ထူးခြားတာတွေကတော့ စီးပွားရေးတို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့၊ ၂၀၁၅ အာဆီယံ စီးပွားရေးအသိုက်အဝန်းတို့ကို အဓိကထားပြီးဆွေးနွေးကြတယ်။ အခု ပြန်ကြားရေးဝန်ကြီးလည်းတက်တယ်။ ပါဝင်တယ်၊ အာဆီယံ အတွင်းရေးမှူးချုပ်လည်းပါတယ်။ မြန်မာနိုင်ငံမှာ ဒါပထမဆုံးအကြိမ်လုပ်တာပေါ့။ အာဆီယံဥက္ကဋ္ဌအနေနဲ့ ပထမဆုံးအကြိမ်လုပ်တာ။ မြန်မာပြည်က အယ်ဒီတာတွေလာသလို၊ ဒေသတွင်းက အယ်ဒီတာတွေလည်းလာတယ်။ ဆွေးနွေးကြတာပါ။ နံပါတ်တစ်ကတော့ မြန်မာနိုင်ငံက အိမ်ရှင်အနေနဲ့ ဒေသအတွင်းက အယ်ဒီတာတွေကိုဖိတ်ပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။ အရင်ကဆိုရင် တခြားနိုင်ငံမှာသွားဆွေးနွေးရတယ်။ အခုလိုဆွေးနွေးတော့ အာဆီယံအကြောင်းကို ပိုသိရပါတယ်။ အာဆီယံအကြောင်းကို ပိုပြီး လေးလေးနက်နက် အတွင်းကျကျမသိကြဘူး။ ပြီးတော့ တခြားနိုင်ငံတွေရဲ့ အကြောင်းအရာတွေ၊ တခြားနိုင်ငံက အယူအဆတွေ၊ အာဆီယံရဲ့စိန်ခေါ်မှုတွေ၊ အာဆီယံက တိုးတက်လာလေလေ စိန်ခေါ်မှုတွေကလည်း များလာတယ်။ အဲဒါတွေ ပိုပြီးသိလာတော့ ဒီလိုဆွေးနွေးပွဲတွေ လုပ်သင့်တယ်၊ ကိုယ့်မြန်မာပြည်က အယ်ဒီတာတွေအတွက်ရော၊ မီဒီယာတွေအတွက်ပါ အကျိုးရှိတယ်လို့ ကျွန်တော် ယူဆတယ်။

**ဦးခင်မောင်ဝင်း**
**ဒီဗွီဘီမြန်မာ**



ဒီပွဲရဲ့ Section တစ်ခုမှာ Moderator လုပ်ရပါတယ်။ အာဆီယံနိုင်ငံများအချင်းချင်း ပူးပေါင်းဆက်သွယ်မှု ရှိလာတဲ့အပေါ်မှာ မြန်မာနိုင်ငံက ဘယ်လိုတုံ့ပြန်မှုရှိသလဲဆိုတဲ့ ခေါင်းစဉ်အပေါ်မှာ ဆွေးနွေးကြတဲ့အပိုင်းဖြစ်ပါတယ်။ ဒီကဏ္ဍမှာ MAI က ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းရယ်၊ Myanmar Development Research Institute က ကိုသန်းထွန်းရယ် ဆွေးနွေးကြတယ်။ အာဆီယံနိုင်ငံတွေမှာ ပေါင်းစည်းဆက်သွယ်လာတယ်ဆိုတာ ကောင်းတဲ့အချက်ဖြစ်ပြီး ကြိုဆိုရမယ့်အချက်ပါ။ ဒီလိုပေါင်းစည်းမှုမှာ ချက်ချင်းအကျိုးရလဒ်ရှိဖို့ မလွယ်သေးဘဲ စိုးရိမ်စရာတွေ ရှိသေးတယ်ဆိုတာတွေ MAI က ထောက်ပြသွားတာ ရှိပါတယ်။ ဥပမာ မြန်မာ့လေကြောင်းလိုင်းက နိုင်ငံတကာက ဝင်ရောက်လာမယ့် လေကြောင်းလိုင်းတွေကို ယှဉ်ပြိုင်နိုင်တဲ့ အခြေအနေမရှိသေးဘူး။ နိုင်ငံတကာမှာ အစိုးရတွေက နောက်ကွယ်ကနေ အခြေခံအဆောက်အအုံတွေ ပံ့ပိုးထားတယ်။ ဆီ၊ စက်အပိုပစ္စည်းနဲ့ လေယာဉ်တွေဆိုလည်း ဈေးပေါပေါနဲ့ ရနိုင်အောင်လုပ်ပေးထားတယ်။ ဒီမှာက ဆီဈေးနဲ့ စက်ပစ္စည်းဈေးတွေ ကြီးနေတာတွေ ရှိနေပါသေးတယ်။ ပြောရရင်တော့ မြန်မာနိုင်ငံအစိုးရက ပြုပြင်ပြောင်းလဲရေးတွေ လုပ်တဲ့အခါမှာ တိုင်းရင်းသားပိုင်ကုမ္ပဏီတွေကို ကာကွယ်ဖို့လိုတယ်။ ကာလည်း ကာကွယ်နေပါတယ်။ ကာကွယ်တဲ့အခါမှာ နည်းမှန်လမ်းမှန်နဲ့ ကာကွယ်ဖို့လိုပါတယ်။ နည်းမှန်လမ်းမှန် မဖြစ်သေးတဲ့အခါ ကုန်ထုတ်လုပ်မှုစရိတ်ကို မချနိုင်ဘဲ နိုင်ငံတကာကဝင်လာမယ့် ကုမ္ပဏီတွေကို မယှဉ်နိုင်တဲ့ အခြေအနေမျိုးရှိတယ်လို့ ပြောခဲ့တယ်။

ဒီလိုမျိုးပဲ Myanmar Development Research Institute က ကိုသန်းထွန်းက အာဆီယံ ပေါင်းစည်းမှုတွေလုပ်တဲ့အခါ လူလူချင်းဆက်သွယ်မှုတွေရှိဖို့လိုပြီး မြန်မာနိုင်ငံက နိုင်ငံသားတွေ တခြားနိုင်ငံသွားလည်ရင်လည်း ဗီဇာအလွယ်တကူရသင့်တယ်။ လက်တွေ့မှာ အခက်အခဲတွေ ရှိနေသေးတယ်။ မြန်မာနိုင်ငံကို လာချင်တဲ့ နိုင်ငံခြားသားတွေမှာလည်း ဒီလိုမျိုးအခက်အခဲတွေ ရှိနေသေးတယ်။ အာဆီယံနိုင်ငံ အချင်းချင်း ဆက်သွယ်ရင်လည်း အဆင်ပြေအောင်လုပ်ဖို့လိုအပ်နေသေးတာတွေလည်း ဆွေးနွေးသွားပါတယ်။

ဒီလို ဆွေးနွေးပွဲတွေက ကောင်းတယ်။ ERIA ဆိုတဲ့ Economic Think Tank တစ်ခုကနေ အာဆီယံဒေသတွင်းက သတင်းဌာနပေါင်းစုံရဲ့ အယ်ဒီတာတွေပါဝင်ပြီး ဆွေးနွေးပွဲတွေ လုပ်ကြတာဖြစ်တယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အဓိကက အာဆီယံနိုင်ငံတွေဖြစ်နေတဲ့ ဘုံပြဿနာတွေကို လေ့လာမိကြတယ်။ဘုံပြဿနာတွေကို ဘယ်လိုကျော်လွှားမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာကြတယ်။ ဒီလိုတက်ရောက်ခြင်းအားဖြင့် ဗဟုသုတတွေရမယ်။ ကျွန်တော် စိတ်မကောင်းတာက ဒီမှာ မြန်မာသတင်းထောက်တွေ မတွေ့ဘူး။ မနက်ပိုင်းမှာ ခဏပဲတွေ့ရတယ်။ သတင်းဌာနတွေ လုပ်သင့်တာက သတင်းထောက်တွေကို ဒီလိုပွဲတွေမှာ လာနားထောင်ခိုင်းသင့်တယ်။ တစ်နေကုန်အချိန်ပေးပြီး လေ့လာသင့်တယ်။ ဥပမာ တောင်တရုတ်ပင်လယ် အရေးကိစ္စဆိုရင် ညနေပိုင်းမှာ အများကြီးဆွေးနွေးကြတယ်။ မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်ဖြစ်ပြီး အာဆီယံရဲ့ ဘုံပြဿနာတွေကို မြန်မာနိုင်ငံက သတင်းထောက်တွေသိသင့်တယ်။ အလုပ်များကြတဲ့ကြားက အကျိုးရှိတဲ့ဟာတွေကို အချိန်ပေးပြီး လေ့လာဖို့လိုတယ်။ အာဆီယံရဲ့ အကြောင်းအရာကိစ္စတွေကို ထဲထဲဝင်ဝင်သိမှသာ အာဆီယံအကြောင်းကို Report ရေးဆိုရင် လူထုအတွက်လည်း အရည်အသွေးရှိတဲ့ ရေးသားချက်တွေရမှာ ဖြစ်ပါတယ်။

ဒီကိုလာတဲ့ သတင်းထောက်တွေက သက်ဆိုင်ရာနိုင်ငံတွေမှာ နိုင်ငံတကာ ရေးရာကိစ္စနဲ့ အာဆီယံရေးရာကိစ္စတွေမှာ အတွေ့အကြုံရှိတဲ့ သတင်းထောက်တွေဖြစ်တယ်။ သူတို့အနေနဲ့ အတွေ့အကြုံတွေကို ရှင်းပြတယ်။ သူတို့အမြင်တွေနဲ့ သုံးသပ်ပြတယ်။ ဥပမာ တောင်တရုတ်ပင်လယ်ကိစ္စမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌဖြစ်နေတဲ့ အချိန်မှာ ဘယ်လိုကိုင်တွယ် ဖြေရှင်းပေးခဲ့လဲဆိုတာ မနက်က ဝန်ကြီး ဦးရဲထွဋ်ပြောတဲ့ထဲမှာ ပါတယ်။ တကယ့်တကယ်က ဒီ Conflict ထဲမှာ ပါတဲ့နိုင်ငံတွေရဲ့ အမြင်ကျတော့ မတူဘူး။ ဥပမာ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်နိုင်ငံတွေက ကိုယ်စားလှယ်တွေပြောတာ တစ်မျိုးစီရှိတယ်။ ဒီလို ဘက်ပေါင်းစုံက ပြောကြတာကို နားထောင်ပြီးတော့မှ မှတ်သားစရာတွေရှိတယ်။ ဒါက ကိစ္စတစ်ခုတည်းပဲရှိသေးတယ်။ ကျန်တာတွေလည်း အများကြီးရှိတယ်။ ဒီလို ဆွေးနွေးပွဲတွေ မြန်မာနိုင်ငံမှာလာလုပ်တာ ကျွန်တော်တို့ ဂုဏ်ယူသင့်တယ်။ သတင်းရေးသားသူအနေနဲ့ဆိုရင် ပုံမှန်အခမ်းအနားသတင်းမျိုးထက် ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေထဲက ကောင်းတဲ့အချက်ကို ရေးသားသင့်ပါတယ်။ ကျွန်တော်သာ သတင်းရေးသားမယ့်သူဖြစ်ရင် "တောင်တရုတ်ပင်လယ်ကိစ္စဟာ ရှေ့ဆက်ပြီးတော့ အဖြေမရှာနိုင်ဘူးဆိုရင် လက်ရှိအနေအထားအတိုင်းထားလိုက်ပါ။ ဒါဟာ အကောင်းဆုံးအဖြေဖြစ်နေပါတယ်" ဆိုတာမျိုးကို The Nation သတင်းစာက ကမ္ဘာ့ရေးရာ သတင်းအယ်ဒီတာ ပြောသွားတာရှိတယ်။ အဲ့ဒါ သတင်းလုပ်သင့်တယ်။ ပြောရရင်တော့ ဆက်ပြီးတော့ အငြင်းအခုံဖြစ်နေရင် ဒေသတွင်း တင်းမာမှုတွေ ဖြစ်လာမယ်။ ဒီလိုဆို အာဆီယံ-တရုတ်ဆက်ဆံရေး ထိခိုက်နိုင်တယ်။ ထို့အတူ ကမ္ဘာမှာလည်း အမေရိကန်ကလည်းဝင်လာမယ်။ အဲ့ဒီလို ရှုထောင့်မျိုးက ကြည့်တတ်ဖို့လိုပါတယ်။

**ဦးသန်းထွန်း**
**Deputy Director of Research Myanmar Development Resource Institute**

ဒီမှာပြောသွားတဲ့ထဲမှာ ပြည်သူကို ဗဟိုပြုတယ်ဆိုတာကို မြန်မာနိုင်ငံမှာပဲ စဉ်းစားတာမဟုတ်ဘဲ အာဆီယံကပါ စဉ်းစားဖို့ လိုနေပြီဆိုတာကို ERIA အဖွဲ့က ထောက်ပြတာတွေက ကောင်းတဲ့လက္ခဏာလို့ ကျွန်တော်မြင်ပါတယ်။

သူတို့ အဓိကလုပ်နေတဲ့ သုတေသနတွေကလည်း စီးပွားရေးတစ်ခုတည်းမဟုတ်ဘဲ စီးပွားရေးကလည်း ပြည်သူ့အတွက်စီးပွားရေးဆိုတာမျိုးက ပိုကောင်းမယ်လို့ ပါပါတယ်။ ERIAအဖွဲ့ကတော့ အာဆီယံနဲ့ အာရှဒေသတွင်းက လူတွေစုပြီးတော့စကားပြောတယ်။ အမြင်တွေကို လေ့လာနိုင်အောင် စီစဉ်ပေးတယ်လို့ထင်ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီးနောက်ပိုင်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းရောက်လာတော့မယ်။ ဒီလိုအသိုက်အဝန်းမှာ



မြန်မာနိုင်ငံသာမက တခြားနိုင်ငံတွေကလည်း စိုးရိမ်မှုတွေ ရှိနေသေးတယ်လို့ သတိထားမိတယ်။ အာဆီယံပေါင်းစည်းမှုကို အခြေခံပြီး ဒေသတွင်းက ပြည်သူတွေ အကျိုးရှိလာမလားဆိုတာကိုလည်း စဉ်းစားနေကြတယ်လို့ထင်ပါတယ်။ အဓိက စိန်ခေါ်မှုတွေကတော့ အာဆီယံပြည်သူတွေကြားက ညှိနှိုင်းမှုကိစ္စတွေ၊ ငြိမ်းချမ်းမှုရှိနေဖို့က ပိုပြီး အရေးကြီးတယ်လို့ မြင်ပါတယ်။

**မေး၊ရေး**
**မိုးသူဇာစိုး၊ ရီရီမြင့်**

**ဓာတ်ပုံ-ရဲထွဋ်**

## မွေးကင်းစကလေးအလောင်း ရထားသံလမ်းဘေးတွင် စွန့်ပစ်သဖြင့် အရေးယူနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မွေးကင်းစ ကလေးအလောင်းကို စွန့်ပစ်ထားသောဖြစ်စဉ် အလုံမြို့နယ်အတွင်း နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အလုံမြို့နယ် စောရန် ပိုင်တောင်ရပ်ကွက် မင်းရဲကျော်စွာလမ်း ရထားသံလမ်းဘေး၌ မွေးကင်းစကလေးတစ်ဦး၏ ရုပ်အလောင်းတွေ့ရှိကြောင်း သတင်းအရ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က သွားရောက်စစ်ဆေးရာ မွေးကင်းစအရွယ် မိန်းကလေးကို ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးလျက်ရှိနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ကလေးငယ် အလောင်းကို စွန့်ပစ်ထားသူအား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**သထုံ နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာနှင့် ဘီးလင်းမြို့နယ် ရေဇလုပ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို နိုဝင်ဘာ ဒုတိယပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုနှင့် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းတို့က ကွင်းဆင်းကြည့်ရှု၍ လုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခဲ့ပြီး ငွေစာရင်းရေးသွင်းနည်းများကို ရှင်းလင်းပို့ချပေးခဲ့သည်။ **(မြန်မာ့အလင်း)**

**မူးယစ်ဆေးဝါး**
**အန္တရာယ်**
**တစ်မျိုးသားလုံး**
**ဝိုင်းဝန်းကာကွယ်**










ဆောင်းပါး

# ဆက်သွယ်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် တိုးတက်မှုများ

ဆက်သွယ်ရေးကဏ္ဍသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်သာမက နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး စသည်ဖြင့် ကဏ္ဍစုံကို အထောက်အကူပြုနေပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးကဏ္ဍကို မဟာဗျူဟာကျသောကဏ္ဍ၊ အလွန်အရေးကြီးသော ကဏ္ဍအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လူမှုစီးပွားရေး လိုအင်ဆန္ဒများအရ ကြည့်လျှင် လျှပ်စစ်ကဏ္ဍတိုးတက်ရေး၊ ဆက်သွယ်ရေးကဏ္ဍတိုးတက်ရေးနှင့် ငွေစုငွေချေး ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်ရေးတို့သည် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများဖြစ်ရာ ဆက်သွယ်ရေးကဏ္ဍသည် ပြည်သူလူထု၏ စီးပွားရေးလိုအင်ဆန္ဒများဖြည့်စွမ်းရာ၌လည်း အရေးကြီးသော ကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပြန်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာကြည့်ရာတွင်လည်း ဆက်သွယ်ရေးကဏ္ဍသည် အစဉ်လိုပင် ပထမဦးစွာ ပြုပြင်ပြောင်းလဲခဲ့ရသော ကဏ္ဍဖြစ်သည်ကို လေ့လာသိရှိရပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းက နေပြည်တော် MICC ၌ အမျိုးသားအဆင့်စီးပွားရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲ၌ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အသုံးပြုရမည့် မိုဘိုင်းဆက်သွယ်ရေးစနစ်မှာ GSM စနစ်သာဖြစ်သင့်ကြောင်း ဆက်သွယ်ရေးကဏ္ဍမှ ကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြပါသည်။

ထိုသုံးသပ်ချက်နှင့်အတူ မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ ဆက်သွယ်ရေးကဏ္ဍ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရန် Mobile Network မိုဘိုင်းဆက်သွယ်ရေးကွန်ရက်ကို ဦးစားပေးတည်ဆောက်ရန် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့တည်ဆောက်ရာ၌ နိုင်ငံတော်ပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတည်းက တည်ဆောက်ရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းကူညီမှုဖြင့် GSM မိုဘိုင်းတယ်လီဖုန်းစနစ်တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံကိန်း၌ဝန်ကြီးဌာနငါးခုနှင့် ပုဂ္ဂလိကကုမ္ပဏီ ၃၆ ခုရှိ ဝန်ထမ်း ၇၃၆ ဦးကို လိုအပ်သည့်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးပြီးလုပ်ငန်းများဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ဤစီမံကိန်းသည် မြန်မာနိုင်ငံဆက်သွယ်ရေးသမိုင်း၌ ပုဂ္ဂလိကကဏ္ဍက ပထမဦးဆုံး ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သောစီမံကိန်းပင်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ဆက်သွယ်ရေးကဏ္ဍတိုးတက်ရန်အတွက်နိုင်ငံတော်နှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်း(Public Private Partnership)ဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍအား ပြိုင်ဆိုင်မှုရှိသော ပြည်သူများမှ စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်သော အရည်အသွေးရှိသော၊ ပြည်သူများလက်လှမ်းမီစွာဖြင့်လွယ်လင့်တကူဝယ်ယူသုံးစွဲနိုင်သော ပြည်သူ့ဗဟိုပြုဆက်သွယ်ရေး ဝန်ဆောင်မှုပုံစံပြောင်းလဲရာတွင် ပထမဆုံး ဆောင်ရွက်ချက်မှာ Telecommunications Tender Consultant ကုမ္ပဏီရွေးချယ်ခြင်းပင်ဖြစ်သည်။**

Telecommunications Tender Consultant ကုမ္ပဏီများ အား အဆိုပြုလွှာများတင်သွင်းရန် နိုင်ငံပိုင်သတင်းစာများတွင် ၉-၇-၂၀၁၂ ရက်နေ့မှစတင်၍ ကြော်ငြာများထည့်သွင်းကာ ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ဖိတ်ခေါ်ချက်အရ ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်း ၆၄ခုမှ အဆိုပြုလွှာများတင်သွင်းခဲ့ကြပြီးတင်သွင်းလာသည့် အဆိုပြုလွှာများကိုCommunication Consultancy စိစစ်ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ခဲ့ရာ အဆိုပြုလွှာ၆၄ခုအနက် Roland Berger Strategy Consultantsကို TelecommunicationsTender Consultant ကုမ္ပဏီအဖြစ် ရွေးချယ်ခဲ့ပါသည်။

**ထို့နောက် Telecommunications Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ထိုကော်မတီက ၁၂-၆-၂၀၁၃ ရက်နေ့တွင် နိုင်ငံတကာအတွေ့အကြုံရှိ ပြည်ပဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီ ၉၁ ခုအနက် Ooredoo Myanmar ကုမ္ပဏီနှင့် Telenor Myanmar ကုမ္ပဏီတို့ကို မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအဖြစ် ရွေးချယ်ခဲ့ပါသည်။**

ပြည်ပဆက်သွယ်ရေးအော်ပရေတာ နှစ်ဦးဖြစ်သည့် Ooredoo Myanmar ကုမ္ပဏီနှင့် Telenor Myanmar ကုမ္ပဏီတို့ကို ၃၀-၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံတစ်ဝန်း မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် (Acceptant Letter)များ ပေးအပ်ခဲ့ပြီး ၅-၂-၂၀၁၄ ရက်နေ့တွင် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်များချထားပေးခဲ့ပါသည်။

Ooredoo Myanmar Limited သည် ၎င်း၏ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု (3G) စနစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှစတင်၍ တရားဝင်ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး Telenor Myanmar Limited အနေဖြင့်လည်း ၂၇-၉-၂၀၁၄ ရက်နေ့မှစ၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု 2G/3G စနစ်ကို ပြည်သူများသို့ တရားဝင်ဝန်ဆောင်မှုဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိကမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ခေတ်နှင့်အညီဖြစ်စေမည့် ဆက်သွယ်ရေးဥပဒေနှင့် နည်းဥပဒေများရေးဆွဲရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့သည်။ ဆက်သွယ်ရေးဥပဒေနှင့်ပတ်သက်၍ ပြည်သူလူထုထံမှ အကြံဉာဏ်များရယူကာ တစ်ဆထက်တစ်ဆတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ရက်နေ့က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၁)ဖြစ်သည့် ဆက်သွယ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။**


## ရွှေနှယ်

နိုင်ငံတော်၏ တယ်လီဖုန်းသိပ်သည်းဆ (Tele Density) တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျှော့ချရေးနှင့် ပြည်သူများနိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး စျေးနှုန်းချိုသာစွာနှင့်အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်ရေးတို့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ထိုသို့ မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ရှိခဲ့သည့် တယ်လီဖုန်းသိပ်သည်းဆမှာ လူ ၁၀၀ လျှင် သုံးဦးမျှပင် မသုံးစွဲနိုင်သေးသော်လည်း ၂၀၁၁-၂၀၁၂ ခုနှစ်မှစ၍ တယ်လီဖုန်းသိပ်သည်းဆသည် နှစ်စဉ်တိုးတက်လာခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် တယ်လီဖုန်းသိပ်သည်းဆသည် ၂၂ ဒသမ ၅ ရာခိုင်နှုန်း (လူတစ်ရာလျှင် ၂၃ ဦးသုံးစွဲနိုင်သည်) အထိ ရှိလာခဲ့သည်။ နိုင်ငံတော်၏ တယ်လီဖုန်းသိပ်သည်းဆ နှစ်စဉ်တိုးတက်လာမှုအခြေအနေကို အောက်ပါဇယား (၁)နှင့် ဂရပ်(၁)တို့ဖြင့် ဖော်ပြအပ်ပါသည်-**

**ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု**
**တယ်လီဖုန်းသိပ်သည်းဆ နှစ်စဉ်တိုးတက်လာမှု အခြေအနေ**
**(ဇယား-၁)နှင့် ဂရပ်(၁)**

| ဘဏ္ဍာရေးနှစ် | တယ်လီဖုန်း သိပ်သည်းဆ |
|---|---|
| ၂၀၁၀-၂၀၁၁ | ၂. ၇၇ |
| ၂၀၁၁-၂၀၁၂ | ၃. ၅၅ |
| ၂၀၁၂-၂၀၁၃ | ၇. ၁၁ |
| ၂၀၁၃-၂၀၁၄ | ၁၃. ၅၅ |
| ၂၀၁၄-၂၀၁၅ (စက်တင်ဘာ) | ၂၂. ၅၀ |





တယ်လီဖုန်းအလုံးရေကို စိစစ်ကြည့်ရာတွင် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁ ဒသမ ၆၄ သန်းမျှရှိရာမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် တယ်လီဖုန်းလုံးရေ ၁၁ ဒသမ ၆ သန်းအထိ ရှိလာပြီဖြစ်ရာ ခုနစ်ဆကျော် တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ (ထို့အတူပြည်ပအော်ပရေတာကုမ္ပဏီများဖြစ်သည့် Ooredoo Myanmar Limited အနေဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်အထိပြည်သူများသို့ Mobile Sim Card အရေအတွက် ၁ ဒသမ ၆ သန်းနှင့် Telenor Myanmar Limited အနေဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်အထိ Mobile Sim Card အရေအတွက် ၂၅၅၀၀၀ အထိ အသီးသီးဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ ပြည်ပအော်ပရေတာနှစ်ဦး၏ Mobile Sim Card များကို ထည့်သွင်းတွက်ချက်ပါက တယ်လီဖုန်းသိပ်သည်းဆမှာ ၂၅ ဒသမ ၀၈ ရှိလာခဲ့ပြီဖြစ်ပါသည်။) နှစ်အလိုက် တယ်လီဖုန်းများတိုးချဲ့တပ်ဆင်ပေးနိုင်မှုအခြေအနေကို အောက်ပါဇယား (၂)နှင့် ဂရပ်(၂)တို့ဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၂) တယ်လီဖုန်းများနှစ်အလိုက် တိုးချဲ့တပ်ဆင်ပေးနိုင်မှုအခြေအနေ**

| ဘဏ္ဍာရေးနှစ် | အော်တို တယ်လီဖုန်း | မိုဘိုင်းဖုန်း တယ်လီဖုန်း | စုစုပေါင်း တယ်လီဖုန်း |
|---|---|---|---|
| ၂၀၁၀-၂၀၁၁ | ၅၂၃၆၈၉ | ၁၁၁၉၇၀၈ | ၁၆၄၃၃၉၇ |
| ၂၀၁၁-၂၀၁၂ | ၅၆၄၈၃၃ | ၁၆၃၇၆၂၉ | ၂၂၀၂၄၆၂ |
| ၂၀၁၂-၂၀၁၃ | ၅၇၀၉၄၀ | ၃၈၀၄၄၆၅ | ၄၃၇၅၄၀၅ |
| ၂၀၁၃-၂၀၁၄ | ၅၇၄၂၂၆ | ၇၇၂၅၅၆၅ | ၈၂၉၉၇၉၁ |
| ၂၀၁၄-၂၀၁၅ (စက်တင်ဘာလ) | ၅၆၆၃၄၆ | ၁၁၀၄၃၄၀၇ | ၁၁၆၀၉၇၅၃ |

**ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု**
**ဂရပ်(၂)၊တယ်လီဖုန်းများ နှစ်အလိုက်တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့မှုအခြေအနေ**




**နိုင်ငံတော်က ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ မိုဘိုင်းတယ်လီဖုန်းဆင်းကတ်များကို ကျပ်တစ်ထောင့်ငါးရာဖြင့်ရောင်းချခဲ့ရာ ရောင်းချပေးမှုအခြေအနေကို လစဉ်သတင်းထုတ်ပြန်ပေးခဲ့ပါသည်။ ထိုသတင်းထုတ်ပြန်ချက်များအရ ရောင်းချပေးမှုအခြေအနေမှာ ၂၀၁၃ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ လစဉ် မိုဘိုင်းတယ်လီဖုန်း ဆင်းကတ်ပေါင်း ၃၅၀၀၀၀စီကိုလည်းကောင်း၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိလစဉ် ၃၆၀၀၀ စီကိုလည်းကောင်း တစ်ဆထက်တစ်ဆတိုးမြှင့်ရောင်းချပေးခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မိုဘိုင်းဆင်းကတ်ပေါင်း ၈၂၁၆၀၀ အထိရောင်းချပေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ရောင်းချပေးခဲ့သော တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းဆင်းကတ်ပေါင်းမှာ ၇ ဒသမ ၄၆၅၁ သန်းရှိခဲ့ပြီးဖြစ်ပါသည်။ မိုဘိုင်းတယ်လီဖုန်းအမျိုးအစားအလိုက် ရောင်းချပေးခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

| ဖုန်းအမျိုးအစား | မိုဘိုင်းဖုန်းလုံးရေ |
|---|---|
| GSM | ၁၉၇၃၁၀၀ |
| WCDMA | ၂၅၀၂၀၀၀ |
| CDMA-800 | ၂၉၉၀၀၀၀ |
| စုစုပေါင်း | ၇၄၆၅၁၀၀ |

ဤသို့ရောင်းချရာ၌ ရန်ကုန်တိုင်းဒေသကြီးတွင် မိုဘိုင်းတယ်လီဖုန်းဆင်းကတ်ပေါင်း ၂ ဒသမ ၃၁ သန်းကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁ ဒသမ ၁၇ သန်းကျော်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၀ ဒသမ ၆၁ သန်းကျော်နှင့် နေပြည်တော်ကောင်စီနယ်မြေ၌ ၀ ဒသမ ၅၅၆ သန်းကျော်စီ အသီးသီးရောင်းချပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိုဘိုင်းတယ်လီဖုန်းအသုံးပြုသူများထဲတွင် ပညာရေးကိစ္စ၊ လုပ်ငန်းကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ဘာသာရေးကိစ္စ စသည့်ကိစ္စအမျိုးမျိုးကြောင့် ပြည်ပသို့ခရီးထွက်ခွာသူများ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လေ့လာသူများရှိပါသည်။ မြန်မာနိုင်ငံသားများ ပြည်ပရောက်လျှင် နိုင်ငံခြားသားများ မြန်မာပြည်တွင်းသို့ရောက်ရှိလျှင် ၎င်းတို့ကိုင်ဆောင်အသုံးပြုနေသော မိုဘိုင်းတယ်လီဖုန်းများဖြင့် အပြန်အလှန်ဆက်သွယ်နိုင်ရန် International Romaing ကိစ္စများကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပြည်ပအော်ပရေတာ ၁၄ ဦးဖြင့်သာ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံပေါင်း ၄၉ နိုင်ငံမှ ပြည်ပဆက်သွယ်ရေး အော်ပရေတာပေါင်း ၈၅ ဦးဖြင့် ချိတ်ဆက်ဆောင်ရွက်ကာ Voice နှင့် SMS ဝန်ဆောင်မှုတို့ကို အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။


**ယခုခေတ်၌ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာသည် တစ်ဆထက်တစ်ဆ ပိုမိုအရေးကြီးလာပါသည်။ ထိုနည်းပညာနှင့်ပတ်သက်၍ လူထု၏ နား၊ မျက်စိပွင့်မှုမှာလည်း အံ့ခမခန်းလောက်အောင်ပင် တိုးတက်ကျယ်ပြန့်လာပါသည်။ ပြည်သူလူထု၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ သုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အင်တာနက် Bandwidth ကို နှစ်စဉ်တိုးချဲ့ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်၌ အင်တာနက် Bandwidth ၃ ဒသမ ၉၂ Gbps အထိသာရှိခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်တာနက် Bandwidth ကို ၃၂ ဒသမ ၃၂ Gbps အထိ တိုးချဲ့နိုင်ခဲ့ပါသည်။ ဤကဲ့သို့ နှစ်အလိုက်တိုးချဲ့နိုင်မှုအခြေအနေကို အောက်ပါဇယား (၃)နှင့် ဂရပ် (၃) ၌ ဖော်ပြထားပါသည်။**

အင်တာနက်ဆိုင်ရာဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရာ၌ ၂၀၀၀ ခုနှစ်မှစတင်၍ သုံးစွဲသူများအား Dail Up စနစ်ဖြင့် အင်တာနက်ဝန်ဆောင်မှုကို စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုမှတစ်ဆင့်တက်၍ ဖိုင်ဘာလိုင်း၊ MPT Satellite Terminal, E1 Line,ADSL Line, Mobile စသဖြင့် အင်တာနက်နှင့်ချိတ်ဆက်အသုံးပြုနိုင်သော ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၃၈၇၁၅ ဦးသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်တာနက်အသုံးပြုသူပေါင်း ၃၅၃၇၁၂၃ အထိ တိုးတက်များပြားလာခဲ့ကြောင်း တွေ့ရှိရပါသည်။ အင်တာနက်သုံးစွဲသူများတွင် မိုဘိုင်းတယ်လီဖုန်းအသုံးပြု၍ အင်တာနက်အသုံးပြုမှုမှာ အများဆုံးဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ အင်တာနက်လိုင်းနှင့်သုံးစွဲသူ အခြေအနေနှစ်အလိုက် တိုးတက်လာမှုကို ဇယား (၄)ဖြင့် ဖော်ပြအပ်ပါသည်-

**ဇယား(၃)၊ အင်တာနက် Bandwidth တိုးချဲ့နိုင်မှု အခြေအနေ**

| ခုနှစ် | အင်တာနက် Bandwidth (Gbps) |
|---|---|
| ၂၀၁၀-၂၀၁၁ | ၃. ၉၂ |
| ၂၀၁၁-၂၀၁၂ | ၃. ၇၂ |
| ၂၀၁၂-၂၀၁၃ | ၁၃. ၃၃ |
| ၂၀၁၃-၂၀၁၄ | ၂၆. ၇၄ |
| ၂၀၁၃-၂၀၁၄(စက်တင်ဘာလအထိ) | ၃၂. ၃၂ |

**ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု**
**ဂရပ်(၃)၊ အင်တာနက် Bandwidth တိုးချဲ့နိုင်မှုအခြေအနေ**




စာမျက်နှာ ၁၁ သို့

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံးဥပဒေဖြစ်သည့်အတွက် သေချာစွာဆောင်ရွက်ရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

**ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်နိုင်ရေး အကောင် အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။**

**အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ**က နိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံရေးသမိုင်းကြောင်းအရ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊မြန်မာနိုင်ငံ၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်ပင် လွှတ်တော်များပေါ်ပေါက်လာပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ ယခုဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လိုအပ်လျှင်ပြင်ဆင်နိုင်ရန်ပါရှိပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် အချို့နိုင်ငံများ၌ ပြင်ဆင်နိုင်ရန်အတွက် နှစ်ကန့်သတ်ချက်များ သတ်မှတ်ထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံးဥပဒေဖြစ်သည့်အတွက် သေချာစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ပြင်ဆင်ရာတွင် နိုင်ငံ၏သမိုင်းကြောင်း၊ နောက်ခံအနေအထားများကို ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒီမိုကရက်တစ်ရေချိန်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးမှုအနေအထား၊ နိုင်ငံ၏ ပထဝီဝင်နှင့် စီးပွားရေးအခြေအနေတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ရသေ့တောင်မဲဆန္ဒနယ်မှဒေါ်ခင်စောဝေ**က ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်မည်ဆိုပါက အတားအဆီးဖြစ်နေသည့် ပုဒ်မကိုပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ပြီးမှသာ အခြားပုဒ်မများကို ပြင်သင့်၊ မပြင်သင့် စဉ်းစားရမည်ဖြစ်ပြီး နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိ၊ မရှိတို့ကို ဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏အသက်ဖြစ်သကဲ့သို့ ပြည်သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးသည့် ဥပဒေ ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်လည်းဖြစ်သည့်အတွက် သက်ဆိုင်သူများက နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများ၏ အနာဂတ်အကျိုးစီးပွားအတွက် သဘောထားကြီးစွာဖြင့် ပေါင်းစပ်အဖြေရှာခြင်းသည် ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး**က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများကို အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ တပ်မတော်က ပါဝင်၍ နိုင်ငံတော်၏ သမိုင်းသစ်ကို ရေးထိုးနေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်ကြီးသည် ကျယ်ပြန့်နက်ရှိုင်းပြီး ပြဋ္ဌာန်းချက်တစ်ရပ်ချင်းအလိုက် နောက်ခံသမိုင်း၊ အနှစ်သာရနှင့် ရည်ရွယ်ချက်များကို ပြည့်စုံစွာလေ့လာပြီး ရှုထောင့်စုံမှသုံးသပ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး အလေးထားလိုက်နာကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ**က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ၏ အစီရင်ခံစာပါတင်ပြချက်များအပေါ် အခြေခံပြီး ဆွေးနွေးသွားကြသည့် လွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့၏ ကျယ်ပြန့်သည့် အကြံပြုဆွေးနွေးချက်များကို အခြေခံကျသည့် အကြံပြုချက်များ၊ အချက်အလက်များအဖြစ် အလေးအနက်သဘောထားခံယူပြီး တည်ငြိမ်အေးချမ်းစွာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်**က ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို စေ့ငုသေချာစွာ လေ့လာမည်ဆိုလျှင် အလွန်အရေးကြီးသည့် အခြေခံသဘောတရား တစ်ရပ်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပါတီစွဲ၊ လူမျိုးစွဲ၊ အဖွဲ့အစည်းစွဲများကို အခြေခံပြီး

*စာမျက်နှာ ၉ ကော်လံ ၅ သို့*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူတစ်ဦးချင်းစီအတွက် ကျန်းမာရေးအသုံးစရိတ် ကျခံသုံးစွဲမှုသည် တစ်နှစ်လျှင် ၁၁ ဒေါ်လာနှုန်းရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၏ **"စက်မှုဇုန်ထုတ်ကားများ၊ သုံးဘီးကားများနှင့် နှစ်(၂၀)ကျော် ကားများကို ဖျက်သိမ်းပေးရန်အတွက် ၃၁-၁၂-၂၀၁၄ ရက်တွင် နောက်ဆုံးထားအပ်နှံရန် သတ်မှတ်ချက်ကို ၃၁-၁၂-၂၀၁၅ ရက်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က စက်မှုဇုန်ထုတ်ကားများ၊ သုံးဘီးကားများနှင့် နှစ်(၂၀)ကျော်ကားများ အစားထိုးတင်သွင်းရာတွင် နိုင်ငံတော်မှပေးထားသော ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခလျှော့ပေါ့မှုအခွင့်အလမ်း ရနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များမှ ၎င်းတို့၏ဆန္ဒအရ ဇုန်ထုတ်ယာဉ် ၁၄၀၀၀၊ သုံးဘီးကား ၅၀၀ကျော်နှင့် နှစ်၂၀ ကျော်ယာဉ် ၁၃၀၀၀ကျော်အပ်နှံပြီး ဖြစ်ပါကြောင်း။

ယာဉ်အပ်နှံမှု နည်းပါးရခြင်းမှာ ယာဉ်ဟောင်းအပ်နှံမှု လက်ခံဆောင်ရွက်ပေးနေသော ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများမှ လုပ်ငန်း မဆောင်ရွက်နိုင်၍ မဟုတ်ပါကြောင်း၊ ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရဖြစ်ပါကြောင်း၊ ပြည်ပမှတင်သွင်းလာသည့် ယာဉ်မှတ်ပုံတင်ခ လျှော့ပေါ့ခံစားနိုင်မည့် ၃၁-၁၂-၂၀၁၄ ရက်မတိုင်မီ ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရသာ အဆိုပါယာဉ်များအပ်နှံမှုကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများမှ ဦးစားပေးအဖြစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပြည်ပမှ တင်သွင်းယာဉ် မှတ်ပုံတင်ခ လျှော့ပေါ့မှုရရှိရန်အတွက် အဆိုပါ ယာဉ်အပ်နှံရက်အား ၃၁-၁၂-၂၀၁၄ရက်နေ့ သတ်မှတ်ထားသော်လည်း အပ်နှံထားသော ယာဉ်များအတွက် အစားထိုးတင်သွင်းရန် ရရှိထားသော ထောက်ခံချက် (ပုံစံ "ယ")အား အသုံးပြု၍ယာဉ်တင်သွင်းမှုအား နောက်ထပ်သုံးလ အချိန်ပေးပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်ထိ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ လျှော့ပေါ့မှုဖြင့် ကနဦးမှတ်ပုံတင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **"နိုင်ငံတော်သမ္မတ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒများအနက် သာတူညီမျှ ကျန်းမာရေး လွှမ်းခြုံစနစ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျန်းမာရေးဘဏ္ဍာငွေလုံးငွေရင်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြစ်ပါကြောင်း၊ အဆိုပါဘတ်ဂျက်သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်ရိုက်ကုန်ကျခြင်းမျိုးအပြင်လစာ၊ ဝန်ထမ်း နေအိမ်၊ လျှပ်စစ်မီတာ၊ စက်သုံးဆီ အစရှိသည့် Operational cost များ ပါဝင်နေပါကြောင်း၊ ယင်းကိစ္စများ မပါဝင်လျှင် ပြည်သူတစ်ဦးချင်းစီအတွက် ကျန်းမာရေးအသုံးစရိတ် ကျခံသုံးစွဲမှုသည် တစ်နှစ်လျှင် ၁၁ ဒေါ်လာနှုန်း ရှိပါကြောင်း။

စိတ်ကျေနပ်ဖွယ် ကောင်းသည့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ကျန်းမာရေး ကျခံသုံးစွဲမှုသည် အနည်းဆုံးတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀ မှ ၄၅ ဒေါ်လာထိရှိသင့်သည်ဟု WHO က အကြံပြုပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဘတ်ဂျက်မှာ ကျပ် ၆၅၂ ဘီလီယံဖြစ်ပြီး အစိုးရဘတ်ဂျက်၏ ၃ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ကာ ဂျီဒီပီ၏ ၀ ဒသမ ၉၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ စုစုပေါင်း ကျန်းမာရေး အသုံးစရိတ်တွင် ပြည်သူလူထု၏ ကိုယ့်ငွေကိုယ်သုံး တိုက်ရိုက်ကျခံမှုမှာ ၆၅ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရှိပါကြောင်း၊ ထို့ပြင် လူမှုဖူလုံရေးအာမခံမှအပ အခြား ကျန်းမာရေးဆိုင်ရာ ကြိုတင်ထည့်ဝင်သည့် အစီအမံများ သည်လည်း ယခုထိ မရှိသေးပါကြောင်း။

မည်သည့်တိုင်းပြည်မဆို UHC သို့ သွားရာလမ်းသည် နှစ်ကာလရှည်ကြာပြီး အခက်အခဲများ တွေ့ကြုံလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် Population coverage, service coverage နှင့် cost coverage လုပ်ငန်းများကို UHC အတွက် တည်ဆောက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာငွေစုဆောင်းရေး၊ တည်ငြိမ်ရေရှည်ခံသည့် ကျန်းမာရေးစနစ်ဖြစ်စေရန် ကြိုတင်ထည့်ဝင်ငွေအာမခံစနစ် (မယူမနေရ ပြည်သူ့ကျန်းမာရေးအာမခံစနစ်)တို့ကို စတင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါကိစ္စရပ်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကာလသည် ကြာမြင့်နိုင်ပြီး လက်ရှိအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြီးပြည့်စုံသော မြန်မာနိုင်ငံတစ်ဝန်းလုံး လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံစနစ်ကို ရရှိနိုင်ရန် ရည်မှန်းထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်ဟု သတ်မှတ်ပေးထားပါကြောင်း၊ လက်ရှိအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အခက်အခဲများစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရပါကြောင်း၊ နောက်သက်တမ်းတွင် တာဝန်ထမ်းဆောင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ ချောမွေ့စေရန် အခြေခံဥပဒေနှင့်အညီ ခံစားဆောင်ရွက်စေလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် အခက်အခဲများစွာ ကျော်လွှားခဲ့ရပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်မြတ်ကောင်းမွန်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ဆက်လက်၍ သံအရာရှိများနှင့် ကောင်စီအရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကိုလည်း လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# နှစ်နိုင်ငံချစ်ကြည်ရေးတည်ဆောက်သည့်အခါ အစိုးရအချင်းချင်းချစ်ကြည်ရေးတည်ဆောက်ခြင်းထက် ပြည်သူအချင်းချင်းချစ်ကြည်ရေးတည်ဆောက်ဖို့လို

ဗန်ကောက် နိုဝင်ဘာ ၂၅

**ထိုင်းနိုင်ငံ The National Legislative Assembly ဥက္ကဋ္ဌ H.E. Prof.Pormpetch Wichitcholchai ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က The King Rama Vll ရုပ်တုသို့ သွားရောက်ပြီး အဆိုပါရုပ်တုရှေ့၌ ပန်းခွေချ၊ဂါရဝပြုခဲ့သည်။**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ The National Legislative Assembly ဥက္ကဋ္ဌ H.E. Prof. Pormpetch Wichitcholchai နှင့် နံနက် ၁၀ နာရီတွင် အမျိုးသားဥပဒေပြုညီလာခံ အဆောင်အမှတ်(၂)ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဖြစ်စဉ်ချင်း တူညီကြပါကြောင်း၊ နိုင်ငံကိုပြန်လည်တည်ဆောက်ရာတွင် ဥပဒေပြုရေးသည် အဓိကကျပါကြောင်း၊ The National Legislative Assembly နှင့် The National Reform Council တို့သည် လုပ်ငန်းတာဝန်များပြားပြီး တာဝန်ကြီးလှပါကြောင်း၊ ပြီးခဲ့သည့်လပိုင်းက ဖြစ်ပွားခဲ့သော ခိုတောင်ကျွန်းကိစ္စနှင့် ပတ်သက်၍လည်း စာရေးသားပေးပို့ခဲ့ပါကြောင်း၊ မိမိတို့ အမျိုးသားလွှတ်တော်က စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာနေပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံဖြစ်သည့်အပြင် AIPA အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အတွက် ပိုမိုရင်းနှီးကြပါကြောင်း၊ နယ်စပ်ချင်းလည်း ကီလိုမီတာ ၁၈၀၀ ထိစပ်နေသည့်အတွက် ပေါင်းစည်းမှုအင်အားလည်း ကောင်းမွန်သည်ကိုတွေ့ရမည် ဖြစ်ပါကြောင်း၊ အာဃာတများကို ဖယ်ရှားပြီး မေတ္တာဖြင့် ပြန်လည်တည်ဆောက်ရန်လိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် စီးပွားရေးကဏ္ဍတွင်လည်း တစ်ဦးနှင့်တစ်ဦး မှီခိုနေကြရပါကြောင်း၊ သို့ဖြစ်ရာ ပူးပေါင်းလိုက်ပါက ပိုမိုအင်အားကြီးမားလာမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးက ဆောင်ရွက်လိုက်သည့် ဥပဒေများကို တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးက လိုက်ပါဆောင်ရွက်ရပါကြောင်း။

ဒီမိုကရေစီစနစ်သို့ ပြောင်းလဲသည့်အချိန်တွင် မတည်ငြိမ်မှုများ ရှိတတ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ထိလွယ်ရှလွယ်သည့် အနေအထားမျိုး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို လွှတ်တော်တွင်း ဆွေးနွေးလျက်ရှိသဖြင့် အရေးကြီးသည့်အချိန် ဖြစ်သော်လည်း The National Legislative Assembly က ဖိတ်ကြားခြင်းကို အလေးထား လာရောက်ခြင်းဖြစ်ပါကြောင်း၊ ခိုတောင်ကျွန်းကိစ္စနှင့် ပတ်သက်၍ တရားရုံးရောက်လျှင် မိမိတို့ဝင်ရောက်စွက်ဖက် ပြောဆိုမည်မဟုတ်ပါကြောင်း၊ အပြစ်ရှိက ကျေနပ်စွာခံယူမည် ဖြစ်ပါကြောင်း၊ ယခုပြောနေသည်မှာ အမှုတည်ဆောက်ပုံနှင့်ပတ်သက်၍ ဖြစ်ပါကြောင်း၊ မသင်္ကာသူကို ဦးစွာထုတ်ဖော်ပြောဆိုပြီးမှ မှန်ကြောင်းပြနိုင်ရန် သက်သေရှာနေသည်နှင့် တူနေပါကြောင်း၊ ထိုကဲ့သို့ကိစ္စမျိုးကို လွှတ်တော်အနေဖြင့် ထိန်းမတ်ပေးရန် ပြောဆိုခွင့်ရှိပါကြောင်း၊ ယခင်က ယခုကဲ့သို့ ညှိနှိုင်းဆောင်ရွက်မှု မရှိခဲ့ဘဲ ယခုမှသာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သမိုင်းတွင် မှတ်တမ်းတင်နိုင်မည် ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ The National Reform Council ဥက္ကဋ္ဌ H.E.Mr. Thienchay Keeranan နှင့် နံနက် ၁၁ နာရီတွင် အမျိုးသားဥပဒေပြုညီလာခံ အဆောင်အမှတ် (၁)ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် The National Reform Council တွင် ဒေသဆိုင်ရာ နိုင်ငံရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မီဒီယာ စသောကဏ္ဍ ၁၁ မျိုးတို့မှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရပါကြောင်း၊ ပါဝင်သူများ၏ ဂုဏ်ဖြပ်များကိုကြည့်လျှင် နိုင်ငံတော်အတွက် အသင့်တော်ဆုံးသူများအား ရွေးချယ်ထားသည်ကို တွေ့ရပါကြောင်း၊ ထိုင်းနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုမိမိတို့ထက်စောစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံကို တိုးတက်အောင် ဆောင်ရွက်ရန် အချက်သုံးချက်သည် အဓိကကျပါကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဒုတိယအချက်သည် နိုင်ငံသားများ ပညာတတ်ရန်နှင့် တတိယအချက်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ ခေတ်စွာပြည့်ဝရန် ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံအနေဖြင့် အထက်ပါအချက်သုံးချက်တွင် နှစ်ချက်ပြည့်စုံပြီးဖြစ်သောကြောင့် ပြည်သူလူထု၏ စိတ်ဓာတ်ကို ပြုပြင်ရန်သာ ကျန်ပါကြောင်း၊ လူထုကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမချရန် လိုပါကြောင်း၊ ထိုင်းနိုင်ငံတွင် တပ်မတော်က အာဏာသိမ်းရသည့် ဖြစ်စဉ်များစွာ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်သဖြင့် တပ်မတော်က အာဏာသိမ်းယူခြင်း မရှိနိုင်တော့ပါကြောင်း၊ မိမိတို့အချင်းချင်း နားလည်မှုရှိသော်လည်း အနောက်နိုင်ငံများက နားမလည်ဘဲ စစ်တပ်က အာဏာသိမ်းလျှင် လက်မခံနိုင်သကဲ့သို့ ပြောဆိုနေကြပါကြောင်း၊ မီဒီယာကဏ္ဍ၏ ဘက်လိုက်ရေးသားမှုကြောင့် ဆူပူမှုများဖြစ်တတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုကို တပ်မတော်၏ ဦးဆောင်မှုဖြင့် ရေးဆွဲပြဋ္ဌာန်းရာ၌ စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ကူးပြောင်းပေးရန်အတွက် တံတားထိုးပေးရသူကလည်း စိုးရိမ်ပူပန်မှုများ ရှိသည့်အတွက် လမ်းခင်းပေးသည့်နေရာတွင် ကန့်သတ်ချက်များရှိသည်မှာ သဘာဝကျပါကြောင်း၊ တပ်မတော်အစိုးရ၏ လမ်းခင်းပေးမှုကြောင့် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်များ ပေါ်ပေါက်ဖြစ်ထွန်းလာခြင်းဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးလျက်ရှိပြီး ယခုရက်ပိုင်းတွင် အရေးကြီးသော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် အစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မိမိတို့နှစ်နိုင်ငံသည် တိုင်းပြည်အရွယ်အစားချင်းနှင့် လူဦးရေချင်း မတိမ်းမယိမ်း ဖြစ်ပါကြောင်း၊ ပင်လယ်ထွက်ပေါက်တစ်ခုစီ ပိုင်ဆိုင်ထားကြပြီး နှစ်နိုင်ငံပေါင်းလိုက်ပါက ပင်လယ်ထွက်ပေါက်နှစ်ခုပိုင်သွားမည် ဖြစ်ပါကြောင်း၊ ယခုခေတ်သည် အပြိုင်အဆိုင်ခေတ်ဖြစ်သည့်အတွက် တစ်နိုင်ငံတည်း ယှဉ်ပြိုင်၍ မရပါကြောင်း၊ ထိုင်းနှင့်မြန်မာသည် Teamwork ကောင်းကောင်းရှိရန်လိုပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး တည်ဆောက်သည့်အခါ မိမိအမြင်အရ အစိုးရအချင်းချင်းချစ်ကြည်ရေး တည်ဆောက်ခြင်းထက် ပြည်သူအချင်းချင်း ချစ်ကြည်ရေး တည်ဆောက်ရန်လိုပါကြောင်း၊ တပ်မတော်က နိုင်ငံတစ်နိုင်ငံကို တာဝန်ယူသည့်အချိန်တွင်ရွေးကောက်ခံအစိုးရ မလုပ်နိုင်သော အချို့ကိစ္စများကို လုပ်နိုင်သည်များ များစွာရှိပါကြောင်း၊ နှစ်ဖက်ပြည်သူချင်း အမှန်တကယ်ချစ်ရန် မိမိတို့ကြိုးစားရမည်ဖြစ်ပါကြောင်း၊ မြန်မာမပါဘဲ ထိုင်းစီးပွားရေးတိုးတက်မှု မဖြစ်နိုင်သကဲ့သို့ ထိုင်းမပါဘဲ မြန်မာ့စီးပွားရေးတိုးတက်မှု လုံးဝမဖြစ်နိုင်ပါကြောင်း၊ ဖရိုဖရဲဖြစ်နေသည့်အချိန်တွင် ထိုင်းနိုင်ငံ၌ အေးချမ်းတည်ငြိမ်သော Road Map ကို ချပေးနိုင်သည့် အနေအထားရှိပါကြောင်း၊ Road Map ချပြီး ယခုကဲ့သို့ The National Legislative Assembly၊ The National Reform Council စသည်တို့ ဖွဲ့စည်းထားသည်ကို လေ့လာသည့်အခါ နယ်ပယ်အစုံမှ ပညာရှင် အပြည့်အစုံပါသည့်အတွက် အစိုးရ၏ Road Map အောင်မြင်ပြီးသားဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ဥပဒေပြုရေးကဏ္ဍအနေဖြင့် ဥပဒေပြုရေးအပိုင်းကို ညီရင်းအစ်ကို စိတ်ဓာတ်နှင့် လိုအပ်ချက်မှန်သမျှကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ ခိုတောင်ကျွန်းကိစ္စနှင့်ပတ်သက်၍ အခွင့်အရေးရခိုက် ပြောကြားလိုပါကြောင်း၊ အမှုတည်ဆောက်မှုပုံစံကို မြန်မာနိုင်ငံသားအားလုံးက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိပါကြောင်း၊ ရမန်တစ်ပတ်ပြီး တစ်ပတ်ယူပြီး အမှုမတင်နိုင်သေးလျှင်လည်း အချုပ်လွှတ်ထုချေခွင့်ပေးရန် စဉ်းစားသင့်ပြီဖြစ်ပါကြောင်း၊ အာမခံတင်ရမည်ဆိုလျှင် ထိုင်းနိုင်ငံ၌ မိမိတို့ပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာ မရှိပါကြောင်း၊ အချုပ်လွှတ်ထုချေခွင့်ရလျှင် အဆိုပါမြန်မာနှစ်ဦးကို မြန်မာသံရုံးက တာဝန်ယူမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လုပ်ပေးနိုင်သမျှ ယခုချက်ချင်းလုပ်ပေးမည်ဖြစ်ပြီး ရက်အနည်းငယ်သာ စောင့်ရန်လိုပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဝန်ကြီးချုပ်အနေဖြင့် ထိုကိစ္စကို ဖြေရှင်းပေးလျှင် နှစ်နိုင်ငံပြည်သူချင်း ချစ်ကြည်ရေး သမိုင်း၌ မော်ကွန်းတင်ခံရသည့် ပုဂ္ဂိုလ်ဖြစ်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် နန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာပြီး မြဘုရားကို ဖူးမြော်ကြည်ညိုခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် ကာကွယ်ရေးနှင့် လုံခြုံရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဂမ်ဆိုင်း၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီအဖွဲ့ဝင် ဦးစိုင်းသာစိန်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးခမ်ဆွင်းမုန်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစန်းလွင်နှင့် ဦးကိုကိုမောင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ The National Legislative Assembly ဥက္ကဋ္ဌ H.E. Prof. Pormpetch Wichitcholchai က The Capital, Empire Tower ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က **ခိုတောင်ကျွန်းကိစ္စ အစွပ်စွဲခံရသော မြန်မာနှစ်ဦးကို အချုပ်လွှတ်ထုချေခွင့်ပေးရန် မိမိကိုယ်မိမိ အပေါင်ထားပါကြောင်း၊ ထိုလူငယ်နှစ်ဦး ထွက်ပြေးပါက မိမိလာရောက်အဖမ်းခံမည်ဟု ရဲဝံ့စွာ အာမခံပါကြောင်း**ဖြင့် ထပ်လောင်းပြောကြားသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တွင်းအများပြည်သူသွားလာမှု လွယ်ကူစေရေးနှင့်သယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့တွင်း အများပြည်သူသွားလာမှု လွယ်ကူစေရေးနှင့်သယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လူဦးရေတိုးတက်များပြားလာမှု၊ ယာဉ်စီးရေတိုးတက်များပြားလာမှုနှင့်တစ်နိုင်ငံလုံးမှကုန်စည်များ စုစည်းရောက်ရှိတင်ပို့ရာ ကုန်သွယ်မှုထွက်ပေါက် ဖြစ်ခြင်း၊ ပြည်တွင်း ပြည်ပခရီးသွားများဆုံစည်းရာ မြို့တော်ဖြစ်ခြင်းကြောင့် ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်လာကြောင်း၊ နိုင်ငံတကာတွင် တွေ့ကြုံနေသည့် ယာဉ်ကြောကျပ်တည်းမှုပြဿနာများကို Public Transporation Policy, Urban Act, Urban Transport Strategy ရေးဆွဲလျက် ရေတိုရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အစိုးရ ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးဌာနများကပါ သက်ဆိုင်သည့်ကဏ္ဍများက ပါဝင်ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန် ဆွေးနွေးပွဲသို့တက်ရောက်လာခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် Planning နှင့် Budgeting ရေးဆွဲရာ၌ ဦးစားပေးပါဝင်စေလိုသည့် လုပ်ငန်းများပါဝင်ရေးနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရန်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ တင်ပြမှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့နောက်တက်ရောက်လာကြသည့် Development Partner များက ၎င်းတို့၏ အတွေ့အကြုံများ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ပြန်လည်ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လိုအပ်ချက်များ၊ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများအား ပူးပေါင်း ပါဝင်အကူအညီပေးနိုင်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပညာရှင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုချမှတ်၍ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများအား အချိန်မီပြီးစီးရေး ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# မကွေးမြို့ရှိအခွန်လွှတ်ဈေး နေရာပြောင်းရွှေ့ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**မကွေး နိုဝင်ဘာ ၂၅**

မကွေးမြို့ ကန်သာရပ်ကွက်ရှိ အေးစေတီဘုရားဝင်းအတွင်း ယခင်ရောင်းချနေသော အခွန်လွှတ်ဈေးအား မကွေးမြို့၏ အဓိကအချက်အချာကျသောမြို့လယ်ကောင်တွင် တည်ရှိနေသောကြောင့် တစ်နေ့ကုန်ရောင်းသူဝယ်သူများနှင့် လမ်းပိတ်ဆို့မှုဖြစ်ပွားနေခြင်း၊ အေးစေတီဘုရားဝင်းအတွင်း တည်ရှိနေသောကြောင့် ဘုရားဖူးပြည်သူများအတွက် ဈေးဝယ်ဖောက်ကားနေခြင်းကြောင့် ဆူညံနေခြင်း၊ ဈေးရောင်းဈေးသည်များက အသား/ငါးစိမ်းများအား စည်းကမ်းမဲ့စွာ စွန့်ပစ်ခဲ့မှုများကြောင့် အနံ့ဆိုးများထွက်သဖြင့် ဘုရားဖူးပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ အဆိုပါ ဈေးအနီးဝန်းကျင်တွင်ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များရှိနေသဖြင့် သံဃာတော်များအတွက် စာဝါလိုက်ရာတွင် စိတ်အနှောင့်အယှက်ဖြစ်နေခြင်းများကြောင့် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ယခုလ နိုဝင်ဘာ ၁၃ ရက်မှစတင်၍ အဆိုပါအခွန်လွှတ်ဈေးကို မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက်ရှိ မင်္ဂလာဈေးအတွင်းသို့ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်္ဂလာဈေးအတွင်းသို့ ပြောင်းရွှေ့ရောင်းချနေကြသော ဈေးသည်များအား နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် တိုင်းစည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးအားပေးခဲ့ရာတွင် ငါးရောင်းချနေသည့် မရွှေစင်ဝင်းက "ယခုမင်္ဂလာဈေးတွင် ရောင်းချရသည်မှာ အဆင်ပြေပါကြောင်း ဖွင့်လှစ်ခါစဖြစ်နေသဖြင့် အရောင်းအဝယ် နည်းပါသော်လည်း မြေနေရာကျယ်ဝန်းကြောင်း၊ လျှပ်စစ်မီးများအားစည်ပင်သာယာရေးအဖွဲ့မှ အခမဲ့ပေးထားသဖြင့် အဆင်ပြေကြောင်း၊ သန့်စင်ခန်းများမရှိသဖြင့် ဆောင်ရွက်ပေးပါက ပိုမိုအဆင်ပြေနိုင်ကြောင်း" တင်ပြခဲ့ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက သန့်စင်ခန်း ဆောင်ရွက်ပေးရေးနှင့် ဈေးသည်များ၏ ဆန္ဒအရ အမိုးများဆောင်ရွက်လိုပါက စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

ပြည်တွင်းသတင်း

✳ *ကျောဖုံးမှ*

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)



# အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

(၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆွေးနွေးကြသည်။

ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ကျင်းပရာ အာဆီယံနိုင်ငံအသီးသီးမှ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် ပထမနေ့က ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများကို အတည်ပြုသုံးသပ်ဆွေးနွေးခြင်း၊ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းနှင့် ပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးလုပ်ငန်းစဉ်များ ကဏ္ဍအလိုက်ဆွေးနွေးခဲ့မှုများကို ပြန်လည်အတည်ပြုခြင်း၊ (၃၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး လက်ခံကျင်းပမည့် နေ့ရက်နှင့် နေရာတို့အား အတည်ပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ လေကြောင်းကဏ္ဍနှင့် ပတ်သက်ပြီး အာဆီယံ၏တစ်ခုတည်းသော လေကြောင်းဈေးကွက် (ASEAN Single Aviation Market) နှင့် ပတ်သက်သောကိစ္စရပ်များကိုလည်းကောင်း၊ ရေကြောင်းကဏ္ဍနှင့်ပတ်သက်ပြီး အာဆီယံ၏ တစ်ခုတည်းသောရေကြောင်း ဈေးကွက် (ASEAN Single Shipping Market) ဖော်ဆောင်ရေး၊ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးအတွက် မူဘောင်သဘောတူညီချက် သုံးရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် နယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု မူဘောင်အား အမြန်ဆုံး အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ရေးတို့အား ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*ပြည်ထောင်စုလွှတ်တော်မှ*

ပြင်ဆင်ရေးဆွဲကြမည်ဆိုလျှင် လွန်စွာပြင်ဆင်ရန်ခက်မည် ဖြစ်ပါကြောင်း၊ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို အားလုံးရှေးရှုပြီး ညီညွတ်သော ညှိနှိုင်းတိုင်ပင်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင်ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် လွယ်ကူစွာပြင်ဆင်၍ရသော ဥပဒေတစ်ခုဖြစ်သည်ကို တွေ့ရှိမည်ဖြစ်ပါကြောင်း၊ အဓိကသည် ညီညွတ်ရေးနှင့် သင့်မြတ်ရေးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဆန္ဒနှင့် ဘဝကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားများကို ရှေးရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးရေးတို့အတွက် လက်တွဲဆောင်ရွက်နိုင်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)၏ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့နှင့်အညီ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းက **"ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ညီညွတ်သောဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန်၊နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာ တွေ့ဆုံညှိနှိုင်းရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ လွှတ်တော်ကအတည်ပြုခဲ့သည်။

(သတင်းစဉ်)

**မိုးလေဝသအခြေအနေ**

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# ကစ္ဆပနဒီမြစ်အတွင်းမှ အားမာန်များ

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းရှိပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဘက်စုံ၊ထောင့်စုံ၊ ကဏ္ဍစုံ၊ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ကြီးများနှင့်ဒေသများတွင် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ဖြန့်ဖြူးနိုင်ရန် အိန္ဒိယအစိုးရချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်း စာချုပ်ချုပ်ဆို၍ လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးသည် ရခိုင်ပြည်နယ်၏ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသာမက ပြည်နယ်၏အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်မှုဇုန်၊ အအေးခန်း၊ အထူးစီးပွားရေးလုပ်ငန်းများနှင့် ဒေသတွင်းအခြားစီမံကိန်းလုပ်ငန်းများအတွက်လည်း မရှိမဖြစ်အလိုအပ်ဆုံးသော အရာပင်ဖြစ်သည်။ ထိုအလိုအပ်ဆုံးသောအရာကိုဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုကြိုးပမ်းမှုများစွာတို့မှ ကစ္ဆပနဒီမြစ်ဖြတ်ကူးဓာတ်အားသွယ်တန်းခြင်းလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။

ကစ္ဆပနဒီမြစ်ဖြတ်ကူး တည်ဆောက်ထားသည့် ဓာတ်အားလိုင်းတာဝါတိုင်များသည် ၅၁ မီတာမြင့်မားပြီး အမြင့်ဆုံးရေပြင်မှ ဓာတ်ကြိုးအမြင့် ၂၇ မီတာ ရှိသည့်အတွက် အထက်အောက် စုန်/ဆန်သွားလာမှု ရေလမ်းကြောင်း အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် တွက်ချက်တည်ဆောက်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။ ကစ္ဆပနဒီမြစ်(ခေါ်) ကုလားတန်မြစ်က ထိုတည်ဆောက်မှုများအား သက်သေပြုလျက်ရှိသည့် နည်းတူ တာဝန်ရှိသူများ၊ လုပ်သားများ၏ အားမာန်စကားသံများကိုလည်းရေးသားတင်ပြလိုက်ရပါသည်။



ဦးမင်းနိုင် (စီမံကိန်းမန်နေဂျာ(၁) ဓာတ်အားပို့လွှတ်ရေးစီမံကိန်း)



ဦးသိန်းနိုင်ဦး
လက်ထောက်အင်ဂျင်နီယာ



ကိုမင်းမောင်
လုပ်သား



ဦးသင်ခါကျော်
မြောက်ဦးမြို့နယ်၊ တောဘင်ကျေးရွာ



ဖိုးသဲ
လုပ်သား

**ဦးမင်းနိုင်**
**စီမံကိန်းမန်နေဂျာ(၁)**
**ဓာတ်အားပို့လွှတ်ရေးစီမံကိန်း**
**(မြောက်ပိုင်း)**

ကျွန်တော့် တာဝန်ကတော့ အမ်း-မြောက်ဦး- ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ဖို့ဖြစ်ပါတယ်။ အခု မြင်တွေ့နေရတာကတော့ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းဓာတ်အားလိုင်း ကစ္ဆပနဒီမြစ်ကျော် တည်ဆောက်နေမှုပဲဖြစ်ပါတယ်။ ဒီဓာတ်အားလိုင်းဟာ အမ်းကနေ ပုဏ္ဏားကျွန်းထိ ၁၁၆ မိုင်ရှည်လျားပါတယ်။ တောင်တန်းတွေ၊ မြစ်ချောင်းအင်းအိုင်တွေ အများကြီးကိုဖြတ်သန်းပြီး ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရပါတယ်။ ဒီကစ္ဆပနဒီမြစ်ကျော်အပိုင်း တည်ဆောက်ပြီးပြီဆိုတာနဲ့ အမ်းကနေ ပုဏ္ဏားကျွန်းကို ဓာတ်အားစမ်းသပ်လွှတ်ပေးနိုင်တော့မှာဖြစ်ပါတယ်။

အခုဒီနေရာဟာ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး- ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း နဲ့ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦးဓာတ်အားလိုင်းတွေကို ယှဉ်ပြိုင်သွယ်တန်းမယ့် ကစ္ဆပနဒီမြစ်ကူးဓာတ်အားလိုင်းသွယ်တန်းတဲ့နေရာဖြစ်ပါတယ်။ ဒီလို မြစ်ဖြတ်ကူးတည်ဆောက်နိုင်ဖို့အတွက် တိုင်းတာရေးလုပ်ငန်းတွေဆောင်ရွက်ကတည်းက မြစ်ရဲ့အကျဉ်းဆုံးနေရာကိုရွေးပြီး တာဝါပို့ဇေရှင်ချပါတယ်။ ဒီနေ့မှာပဲ ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်းတွေ ပြီးစီးသွားမှာဖြစ်ပါတယ်။ မကြာမီ အမ်းကနေ မြောက်ဦး-ပုဏ္ဏားကျွန်းကိုဖြတ်သန်းပြီး ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံကို ဓာတ်အားစမ်းသပ် ပို့လွှတ်နိုင်တော့မှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကို ဓာတ်အားရောက်တာနဲ့ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်နဲ့ မြောက်ဦးဒေသတွေကို ဓာတ်အားစတင်ဖြန့်ဖြူးနိုင်တော့မှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့တစ်တွေရဲ့ သမိုင်းမှတ်တိုင်တွေပဲဖြစ်ပါတယ်။

**ဦးသိန်းနိုင်ဦး**
**လက်ထောက်အင်ဂျင်နီယာ**

ကျွန်တော်ကတော့ ကစ္ဆပနဒီမြစ်ကူးဓာတ်အားလိုင်းကြိုးဆွဲခြင်းကို တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒီလိုဓာတ်အားလိုင်းကြိုးဆွဲဖို့အတွက် အကြိုပြင်ဆင်မှု လုပ်ငန်းတွေကို နိုဝင်ဘာလကတည်းက လူအင်အား ၁၅၀နဲ့ ဆောင်ရွက်ရပါတယ်။ မြစ်ကူးဓာတ်အားလိုင်းကြိုးဆွဲဆောင်ရွက်နိုင်ဖို့အတွက် ပစ္စည်းကိရိယာတွေကို ဒီနေရာရောက်အောင်ခက်ခက်ခဲခဲ သယ်ယူခဲ့ရတယ်။ မြစ်ထဲမှာစက်လှေကြီး ၁၀ စင်း၊ တွန်းသင်္ဘောတစ်စင်း၊ လုံခြုံရေးမော်တော်နှစ်စင်းနှင့် အုပ်ချုပ်မှုအတွက် စက်လှေတစ်စင်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ နောက်အခက်အခဲလေးက ဒီရေအတက်အကျဖြစ်ပါတယ်။ ဒါကြောင့် အချိန်ကိုလုပြီး ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရပါတယ်။ ဒီမြစ်ကူးဓာတ်အားလိုင်းကြီးဟာ မကွေးတိုင်းမန်းဓာတ်အားခွဲရုံကနေတစ်ဆင့် အမ်း၊ အမ်းကနေ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကို ၂၃၀ ကေဗွီလိုင်းနဲ့ ပို့လွှတ်မှာဖြစ်ပါတယ်။ သတ်မှတ်ချိန်အမီ ရခိုင်ပြည်နယ်ကိုလျှပ်စစ်ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်မှာပါ။

**ကိုမင်းမောင်**
**လုပ်သား**

ကျွန်တော်ကတော့ ကစ္ဆပနဒီမြစ်ကူးဓာတ်အားလိုင်း ကြိုးဆွဲလုပ်သားဖြစ်ပါတယ်။ နံနက်၄ နာရီကတည်းက စက်လှေတွေ တန်းစီပါတယ်။ စက်လှေတွေ တန်းစီပြီးမှ ကျွန်တော်တို့လုပ်ငန်းက စတင်ရပါတယ်။ တစ်နေကုန် မနားမနေ ကြိုးပမ်းနေတယ်ဗျ။ ဒီမှာအလုပ်လုပ်ရတာ စားဝတ်နေရေးလည်း အဆင်ပြေတယ်။ တကယ်လို့ဖျားရင်လည်း ဆေးကုသပေးတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့လုပ်သားတွေရဲ့ ကြိုးစားအားထုတ်မှုတွေ ကျဆင်းမသွားဘူးဗျ။

**ဦးသင်ခါကျော်**
**မြောက်ဦးမြို့နယ်၊ တောဘင်ကျေးရွာ**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ဖို့ အခုလိုဆောင်ရွက်နေတာတွေ့တော့ ကျွန်တော်အလွန်ဝမ်းသာပါတယ်။ ငယ်စဉ်တုန်းက လျှပ်စစ်မီးဆိုတာ မမြင်ဖူးခဲ့ဘူး။ အခုလို လျှပ်စစ်မီးရတော့မယ်ဆိုတော့ ကျွန်တော် ဝမ်းသာရုံတင်မကဘူး၊ ရွာသူရွာသားတွေအားလုံး ဝမ်းသာနေကြတယ်။ လျှပ်စစ်မီးက ကျွန်တော့လယ်ထဲကနေဖြတ် သွယ်တန်းနေတာ၊ လျှပ်စစ်မီးရဖို့ ကျွန်တော့လယ်တွေ ပျက်သွားစမ်းပါစေ လျှပ်စစ်မီးရဖို့သာအဓိကပါ။ ဒါပေမယ့် သူတို့တစ်တွေ စည်းကမ်းရှိတယ်၊ အခုသွယ်တန်းပြီးခါနီးနေတာတောင် ကျွန်တော့်လယ်တွေ အမြောက်အမြား ပျက်စီးတာမတွေ့ရဘူး။

**ဖိုးသဲ**
**လုပ်သား**

ကျွန်တော်ကတော့ ကြိုးဆွဲနိုင်ဖို့ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ပေးရတဲ့လုပ်သားတစ်ဦးပါ။ ဒီမှာ တာဝန်ရှိတဲ့သူတွေက နေ့စားခအပြင် စားဝတ်နေရေး၊ ကျန်းမာရေးတွေက အစ ဂရုတစိုက်ရှိတဲ့အတွက် ကျွန်တော်တို့ လုပ်သားတွေအား ရှိတယ်။ ပျော်ပါတယ်။

**မင်းမင်းဇော် (သတင်းစဉ်)**
**ဓာတ်ပုံ – မောင်ဖိုးဇော်**

ပြည်တွင်းသတင်း

# အစိုးရအဖွဲ့သစ်ကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

*ယမန်နေ့မှအဆက်*

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁၂။ | ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် (Public Finance Management) ပြုပြင် ပြောင်းလဲရေး ဆောင်ရွက်ခြင်း | ❖ IMF နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေကို တစ်နှစ်တာစောင့်ကြပ်ကြည့်ရှုသည့် Staff Monitored Program (SMP) အစီအစဉ်ကို ၁-၁-၂၀၁၃ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ သတ်မှတ်ချက်ကိုပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုကို ဆန်းစစ်သည့် ကမ္ဘာ့ဘဏ်နှင့် IMF တို့၏ပူးတွဲလေ့လာချက် (Debt Sustainability Analysis) ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။<br>❖ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် လေ့လာသုံးသပ်ချက် အစီရင်ခံစာများအရ အားသာချက်နှင့် အားနည်းချက်များ ကြုံတွေ့ရသော အခက်အခဲများအပေါ် အခြေပြု၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် ပြည်တွင်းမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာ (Public Finance Management Reform Strategy) တစ်ရပ်ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။<br>❖ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲရေးစနစ်အတွက် ကာလလတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framework) ရေးဆွဲခြင်းအား စတင်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၁၃။ | ငွေတိုက်ဦးစီးဌာနအသစ်ဖွင့်လှစ်ခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ❖ ၁၉-၆-၂၀၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၄)၏သဘောတူခွင့်ပြုချက်အရ ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် ငွေတိုက်ဦးစီးဌာနအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အသစ်ဖွဲ့စည်းခဲ့ပါသည်။<br>❖ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် ငွေကြေးစီမံခန့်ခွဲမှု၏ အဓိကလုပ်ဆောင်ချက်ဖြစ်သည့် ငွေသားလိုအပ်ချက်အား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် အပတ်စဉ်စာရင်းရှင်းလင်းရေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် ငွေသား စီးဆင်းမှုအား ကြိုတင်ခန့်မှန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။<br>❖ မြန်မာနိုင်ငံ၏ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ်ကို အားဖြည့်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာအကူအညီဖြင့် ကြွေးမြီမှတ်တမ်းတင်မှုနှင့်စီမံခန့်ခွဲ မှုစနစ်အား Software အသုံးပြု၍ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန် ပြည်သူ့ကြွေးမြီဆိုင်ရာဥပဒေနှင့်ဖွဲ့စည်းမှုမူဘောင် ခိုင်မာတောင့်တင်းစေရန်အတွက် လိုအပ်သည့်ဥပဒေများပြင်ဆင်ပြဋ္ဌာန်းရန်၊ ကြွေးမြီခံနိုင်ရည်ရှိမှုလေ့လာဆန်းစစ်ခြင်း(Debt Sustainability Analysis)စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေးဆောင်ရွက်ရန်နှင့် ၂၀၁၅ ခု ဇန်နဝါရီလတွင် အစိုးရငွေတိုက်လက်မှတ်များ လေလံတင်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၄။ | အခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ | ❖ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသော ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီစေရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ၂၉-၉-၂၀၁၁ ရက်နေ့တွင် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရုံးခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ထုတ်ပြန်ခဲ့ပါသည်။<br>❖ ပြည်တွင်းပြည်ပရှိ ရင်းနှီးမြှုပ်နှံလိုသူများနှင့် အခွန်ကောက်ခံမှုစနစ်ကို သိရှိလိုသူများအတွက်လည်းကောင်း၊ ပွင့်လင်းမြင်သာသောအခွန်စနစ်ဖြစ်စေရန်အတွက် လည်းကောင်း၊ ရန်ကုန်မြို့တွင် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးကို ၁၉-၁၀-၂၀၁၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့တွင်လည်း ၂၀၁၃ ခုနှစ် မေလတွင်ရုံးခွဲ ထပ်မံဖွင့်လှစ်ခဲ့ပါသည်။<br>❖ ၁၅-၃-၂၀၁၃ နေ့မှစ၍ "ပြည်ပထွက်ခွာမည့် နိုင်ငံသားများအားလုံး (အခွန်ကြွေးကျန်ရှိသူများမှအပ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)ပြဋ္ဌာန်းချက်ပါ အခွန်ပေးဆောင်ရန်တာဝန်မရှိတော့ကြောင်း (သို့မဟုတ်) တာဝန်ရှိသည့်အခွန်ပေးဆောင်ရန်စီမံပြီးကြောင်း သက်သေခံလက်မှတ်ရယူရန်မလိုအပ်တော့ကြောင်း" ခြွင်းချက်ပြုသတ်မှတ်ချက်ဖြင့် ထုတ်ပြန်ပေးခဲ့ပါသည်။<br>❖ အခွန်လွတ်ကင်းတိမ်းရှောင်မှုများ မဖြစ်ပေါ်စေရေးအတွက် ပို့ကုန်/သွင်းကုန် တင်သွင်း/တင်ပို့မှုအပေါ် ၂ ရာခိုင်နှုန်းကြိုတင်ဝင်ငွေခွန် (Withholding Tax) ကောက်ခံခြင်းအား ၄-၆-၂၀၁၃ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ပါသည်။<br>❖ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် လက်ရှိကျင့်သုံးဆောင်ရွက်နေသော အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ စိစစ်ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများဆောင်ရွက်နိုင်ရေးအတွက် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ၈-၅-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။<br>❖ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ၂၄-၃-၂၀၁၄ ရက်နေ့တွင် ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ဝင်ငွေခွန် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကိုလည်းကောင်း၊ ၂၈-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ကိုလည်းကောင်း ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။<br>❖ ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချပေးလျက်ရှိသည့် အခွန်တံဆိပ်ခေါင်းများအား မိဘပြည်သူများ လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရန်အတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများအပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင်လည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါသည်။<br>❖ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိအခွန်စည်းကြပ်ဆောင်ရွက်ရာတွင် အခွန်ရုံးများမှ စည်းကြပ်သည့်စနစ် (Office Assessment System-OAS)မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self- Assessment System-SAS)သို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် ၁-၄-၂၀၁၄ ရက်နေ့တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(Large taxpayer office) ကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။<br>❖ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဖွင့်လှစ်ပေးလျက်ရှိသည့် မင်္ဂလာစုံတွဲယူနစ်ဆုမဲစနစ်နှင့် ကျပ်သန်း ၁၅၀၀ ကို အခြေပြုဖွင့်လှစ်ပေးသည့် မိတ်သဟာပူးတွဲဆုများကို ဖျက်သိမ်းပြီး ပဒေသာယူနစ် ဆုမဲစနစ်များအဖြစ် ၂၀၁၄ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဖွင့်လှစ်သည့် (၃၀၇)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ ပြောင်းလဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ထီရောင်းချမှု စနစ်ကိုလည်း လက်ရှိ PO စနစ်ဖြင့် ဝယ်ယူနေသူများအပြင် အများပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်စေရန် ရန်ကုန်နှင့်မန္တလေးမြို့ရှိ ဗဟိုအရောင်းဌာနစိတ်တွင် ရောင်းချပေးလျက်ရှိပါသည်။<br>❖ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံသည့်စနစ်အား တန်ဖိုးဖြည့်အခွန်စည်းကြပ်ကောက်ခံသည့်စနစ် (Value Added Tax-VAT) သို့ ပြောင်းလဲကျင့်သုံးနိုင်ရေးဆောင်ရွက်လျက်ရှိရာ စားသောက်ဆိုင်လုပ်ငန်းများအနေ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ရုံးမှတံဆိပ်ကပ်နှိပ်ပေးထားသော ပြေစာထုတ်ပေးသည့်စနစ်ဖြင့် ၁-၁၁-၂၀၁၄ ရက်နေ့မှစ၍ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ စားသောက်ဆိုင်များတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပြီး ဆက်လက်၍ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော် ကျင့်သုံးသွားမည်ဖြစ်ပါသည်။ |
| ၁၅။ | အကောက်ခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ | ❖ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၂ ကို မြန်မာနိုင်ငံ၏ကုန်သွယ်မှုလုပ်ငန်းများနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသများတွင် ကျင့်သုံးဆောင်ရွက်ရန် အလို့ငှာ ၁-၁-၂၀၁၂ ရက်နေ့မှစ၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။<br>❖ ကုန်သေတ္တာဆိပ်ကမ်းများတွင် ကုန်သေတ္တာများအား ၁၀၀ရာခိုင်နှုန်း အပြည့်စစ်ဆေးခဲ့ရာမှ ကုန်သေတ္တာထုတ်ယူမှုများ ကြန့်ကြာမှုမရှိစေဘဲ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ၄-၃-၂၀၁၃ရက်နေ့မှစ၍ တာဝန်ခံ စီမံခန့်ခွဲမှုစနစ် (Risk Management System)အရ အစိမ်းရောင်လမ်းကြောင်း (Green Channel)၊ အဝါရောင်လမ်းကြောင်း (Yellow Channel)၊ အနီရောင်လမ်းကြောင်း (Red Channel)နည်းလမ်းသတ်မှတ်ချက်များနှင့် ပြောင်းလဲစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။<br>❖ နိုင်ငံတကာအဆင့်မီ အကောက်ခွန်ရှင်းလင်းရေးစနစ်ဖြစ်စေရေးနှင့် ASEAN ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဂျပန်နိုင်ငံနည်းပညာအကူအညီဖြင့် MACCS (Myanmar Automatic Cargo Clearance System) မြန်မာအလိုအလျောက် ကုန်သေတ္တာရှင်းလင်းရေးစနစ်အား ၂၀၁၃-၂၀၁၄ခုနှစ်မှစတင် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် စတင်စမ်းသပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၆။ | အငြိမ်းစားဝန်ထမ်းပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် ပင်စင်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ | ❖ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မတိုင်မီ အငြိမ်းစားလစာခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။<br>❖ ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ခုနှစ်တို့တွင် ဝန်ထမ်းလစာကျပ် ၂၀၀၀၀ စီတိုးမြှင့်ခဲ့ရာ လက်ရှိ ပင်စင်စားများအား တိုးမြှင့်ပင်စင်လစာ တွက်ချက်ထုတ်ပြန်ပေးရာတွင် ပင်စင်စားများမှ တင်ပြလျှောက်ထားရန် မလိုဘဲ ပင်စင်ဦးစီးဌာနက တာဝန်ယူတွက်ချက်၍ ဘဏ်/လုပ်ငန်းအဖွဲ့အစည်းများသို့ ပင်စင်လစာသစ်အား အကြောင်းကြား ခွင့်ပြုပေးလျက်ရှိပါသည်။<br>❖ နိုင်ငံတကာပင်စင်စနစ်များအား လေ့လာ၍ လက်ရှိပင်စင်စနစ်အား ရေရှည်ရန်ပုံငွေလုံလောက်၍ တည်တံ့မျှတသော ပင်စင်စနစ် (Sustainable and Equitable Pension System)သို့ ပြောင်းလဲကျင့်သုံးနိုင်ရေး ကမ္ဘာ့ဘဏ်၏ အကြံဉာဏ်နှင့်အကူအညီရယူ၍ သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။ |




## လူငယ်အားကစားလေ့ကျင့်ရေးစခန်း တောင်ငူတွင်ဖွင့်လှစ်

**တောင်ငူ နိုဝင်ဘာ ၂၅**

လူငယ်အားကစားလေ့ကျင့်ရေးသင်တန်းကို တောင်ငူခရိုင် အားကစားကွင်းတွင် နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီက အားကစားဝတ်စုံကိုပေးအပ်ပြီး စတင်သင်ကြားလျက်ရှိသည်။ တောင်ငူခရိုင်အတွင်းရှိ မျိုးဆက်သစ်အားကစားသမား ၂၅၀ ခန့် တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံဘောလုံးလက်ရွေးစင်ဟောင်း ဦးဇော်ဝင်းကြီးက လေ့ကျင့်သင်ကြားပေးသည်။ "မျိုးဆက်သစ်ကလေးများကို ကျန်းမာသန်စွမ်းပြီး အရည်အသွေးပြည့်ဝတဲ့ ဘောလုံးကစားသမားများဖြစ်အောင် စိတ်ဓာတ်ပိုင်းက အစကောင်းမွန်သောအားကစားသမားဖြစ်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း" ၄င်းက ရှင်းပြခဲ့သည်။

အဆိုပါသင်တန်းကျောင်းကိုတောင်ငူမြို့ရှိ မိုင်ဒါအားကစားကွင်းတွင်ပင် ကွင်းသစ်ကိုတည်ဆောက်နေပြီဖြစ်ကြောင်း အားကစားလေ့ကျင့်ရေးသင်တန်းအတွက် လိုအပ်သည့် ရန်ပုံငွေများကို တောင်ငူမြို့ခံ စီးပွားရေးဘဏ်လုပ်ငန်းရှင်တစ်ဦးက ထောက်ပံ့ပေးပြီး သင်တန်းသားများ၏ သင်ထောက်ကူပစ္စည်းများ၊ အားကစားဝတ်စုံများ၊ အားဖြည့် အစားအစာများကို ထောက်ပံ့ပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဘော်လီဘောအားကစား၊ ပိုက်ကျော်ခြင်းအားကစား၊ ပြေးခုန်ပစ်အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း တောင်ငူမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးလွင် က ရှင်းပြခဲ့သည်။ **သူရ(တောင်ငူ)**

ပြည်တွင်းသတင်း

# ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရခိုင်ပြည်နယ်ရှိဓာတ်အားခွဲရုံများအား ကြည့်ရှုစစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၂၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက ရခိုင်ပြည် နယ် ပုဏ္ဏားကျွန်းပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေပင်မဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှု၊ Control Building Switchyard နှင့် Electrical Works တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း၊

မွန်းလွဲပိုင်းတွင် ၆၆/၁၁ကေဗွီ၊ ၁၅ အမ်ဗွီအေ ကျောက်တော်ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံနှင့် ၆၆/ ၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ထရန်စဖော်မာတည်ဆောက်ပြီးစီးမှု၊ Switch- yardနှင့် ပုဏ္ဏားကျွန်းမှ ကျောက်တော်ဓာတ်အားခွဲသို့ ၆၆ ကေဗွီဓာတ်အားလိုင်းဝင်ရောက်မည့်နေရာ၊ ကျောက်တော်မြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့်ဓာတ်အားလိုင်းများ၊ မြစ်ဖြတ်ကူးသွယ်တန်းမည့် ဓာတ်အားလိုင်းတည်ဆောက်မှု အခြေအနေများ၊ မြောက်ဦးမြို့နယ်အတွင်းရှိ ၆၆ ကေဗွီနှင့် ၂၃၀ ကေဗွီပုဏ္ဏားကျွန်းမြောက်ဦးဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊

ညနေပိုင်းတွင် မြောက်ဦးဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ၆၆/၁၁ ကေဗွီ/၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် Switchyard အတွင်း တည်ဆောက်ပြီးစီးမှုများ၊ Control Room များတွင် Controlpannel တပ်ဆင်ထားရှိမှုများနှင့် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှ မြောက်ဦးခွဲရုံသို့ ဝင်ရောက်မည့် ၆၆ ကေဗွီဓာတ်အားလိုင်းတည်ဆောက်နေမှုများအား လည်းကောင်း၊

နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကစ္ဆပနဒီမြစ်ဖြတ်ကူး လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း လုပ်ငန်းများနှင့် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ၂၃၀ ကေဗွီ အမ်းပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းရာ-

**ဦးရဲတိုးသွင်၊ စီမံကိန်းညွှန်ကြားရေးမှူး ရခိုင်ပြည်နယ် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း)**

ရခိုင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့မြို့တွေကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဓာတ်အားရရှိအောင် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးမြို့တွေကို ဓာတ်အားရရှိအောင် လက်ရှိဓာတ်အားစနစ်ရောက်ပြီးဖြစ်တဲ့ အမ်းဓာတ်အားခွဲရုံနဲ့ ဓာတ်အားလက်ရှိရောက်နေတဲ့ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံထိကို ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁၁၅ မိုင်တည်ဆောက်ခဲ့ပါတယ်။ နိုဝင်ဘာ ၂၂ ရက်ဆိုရင် လုပ်ငန်းများအားလုံးပြီးဆုံးသွားပြီ ဖြစ်ပါတယ်။ ဓာတ်အားပေးနိုင်ဖို့အတွက် ဓာတ်အားလိုင်းတွေ တည်ဆောက်ခြင်းသာမက ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကြီးကိုလည်း အပြိုင်တည်ဆောက်ရပါတယ်။ ဒီဓာတ်အားခွဲရုံ တည်ဆောက်မှုဟာလည်း နိုဝင်ဘာလထဲမှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်း-စစ်တွေ၊ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ် အားလိုင်းတွေ တည်ဆောက်တာကလည်း ၉၅ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါတယ်။ စစ်တွေ၊ ကျောက်တော် ဓာတ်အားခွဲရုံတွေကိုလည်း အပြိုင်တည်ဆောက်ပြီးစီးလုနီးပါးရှိပါပြီ။ စမ်းသပ်မှုတွေလုပ်နေပါတယ်။ ပထမအဆင့်အနေနဲ့ ဒီဇင်ဘာလဆန်းမှာ စစ်တွေနဲ့ကျောက်တော်မြို့တွေကို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဒီဇင်ဘာလကုန်လောက်မှာ မြောက်ဦးမြို့ကို ဓာတ်အားဖြန့်ဖြူးသွားနိုင်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ မိုးများတယ်၊ တောတောင်တွေ၊ ချောင်းမြောင်းတွေ အလွန်ပေါများပေမယ့် ကျွန်တော်တို့ ရည်မှန်းချက်အတိုင်း ရာသီမရွေး အချိန်မရွေးဘဲ ခက်ခက်ခဲခဲ အားကြိုးမာန်တက်တည်ဆောက်ခဲ့ရတာဖြစ်ပါတယ်။

**အင်ဂျင်နီယာမှူး ဦးဝဏ္ဏ**

ကျွန်တော်ကတော့ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းတွေကို ကြီးကြပ်တည်ဆောက်ရပါတယ်။ ခွဲရုံအနေနဲ့ ၂၃၀ ကေဗွီအပိုင်းနဲ့ ၆၆ ကေဗွီအပိုင်းတွေ အားလုံးပြီးနေပါပြီ။ ထရန်စဖော်မာ တပ်ဆင်ခြင်း လုပ်ငန်းတွေပြီးလို့ ထရန်စဖော်မာဆီလှည့်နေပါတယ်။ စမ်းသပ်တဲ့အဖွဲ့တွေလည်း ရောက်နေပြီဖြစ်တဲ့အတွက် နိုဝင်ဘာလထဲမှာပဲဓာတ်အားစမ်းသပ်မှုတွေ ပြုလုပ်မှာပါ။ဒီဇင်ဘာလထဲမှာရခိုင်ပြည်နယ်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာပါ။

**အင်ဂျင်နီယာမှူးကြီးဦးသူရအောင်ဘို**

လက်ရှိ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကနေ စစ်တွေမြို့ကို ၆၆ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းနဲ့ စစ်တွေမြို့မှာ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ကျောက်တော်မြို့နဲ့ အနီးပတ်ဝန်းကျင်ကျေးရွာတွေကိုလည်း ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒါပြီးရင် မြောက်ဦးမြို့နဲ့ မြောက်ဦးမြို့ပတ်ဝန်းကျင်ကျေးရွာတွေကိုလည်း ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ လက်ရှိတည်ဆောက်နေတဲ့ လုပ်ငန်းတွေအားလုံးဟာ မြင်တွေ့နေရတဲ့အတိုင်း အားလုံးရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်။

**ဦးမိုးကျော်သူ**

**ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်မှူး**

အခု ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုတွေဟာ ၉၅ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဓာတ်အားလက်ခံဖို့လည်း အဆင်သင့်ဖြစ်နေပါပြီ။ ပြည်သူတွေကိုလည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်တွေ၊ ဟောပြောပွဲတွေပြုလုပ်ပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

**ဦးမင်းဇော်**

**မြောက်ဦးခရိုင်လျှပ်စစ်အင်ဂျင်နီယာ**

အခုမြောက်ဦးခရိုင် ကျောက်တော်မြို့မှာ ဓာတ်အားလိုင်းတွေ တည်ဆောက်ပေးပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြည်သူတွေ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးအသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။

**(သတင်းစဉ်)**



# မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်၏ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၈) မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးလှမြင့်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးရုံးမူ၊ ဂုဏ်ထူးဆောင်အကြံပေး ဦးစိုးမြတို့က မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် တိုင်းဒေသဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အရောင်းဆိုင်ခန်းများနှင့် ခေတ်မီကျောက်မျက်နှင့် လက်ဝတ်ရတနာ အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမတွင် ပြည်တွင်းကျောက်မျက်ရတနာ ကုမ္ပဏီ ၃၉ ခုတို့မှ ဆိုင်ခန်းပေါင်း ၃၉ ခန်းဖြင့် ဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လယ်ဝေးမြို့နယ် အင်းသာ-လက်ပန်တန်းလမ်း လမ်းခင်းပေးမှုကြောင့် ဒေသခံများအဆင်ပြေ

**လယ်ဝေး နိုဝင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိဒေသ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ အင်းသာကျေးရွာမှ လက်ပန်တန်းကျေးရွာသို့ ဆက်သွယ်သည့် လက်ပန်တန်း- အင်းသာမြေသား လမ်းဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ကကျင်းပသည်။

လက်ပန်တန်း-အင်းသာလမ်းသည် အရှည် ပေ ၆၇၀၀၊ အကျယ် ၂၄ ပေရှိသည့် မြေသားလမ်းဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၃၅ သိန်း၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၇၅ သိန်းတို့ဖြင့် ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လမ်းဖောက်လုပ်ပေးမှုကြောင့် မြို့နယ်အတွင်းရှိ ဆီဆုံကုန်း၊ ကြို့တန်း၊ တံတားကြီး၊ သစ်ခေါက်ခွ၊ လက်ပန်တန်းစသည့် ဆက်စပ်ကျေးရွာများမှ ဒေသခံများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

"အရင်ကလမ်းကလည်း မကောင်း၊ ရာသီမရွေးသွားလို့လည်း မရ၊ ဆေးရုံပို့ချင်လည်း ချက်ချင်းမရောက်နိုင်ဘူး၊ မိုးတွင်းဆိုလည်းတော်တော်ဒုက္ခရောက်ပါတယ်။ အခုတော့ ဒီလမ်းမကြီးခင်းပြီးသွားတော့ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်လာတာကိုမြင်တွေ့ရလို့ ရွာသူ ရွာသားတွေရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု လက်ပန်တန်းကျေးရွာမှ ရပ်မိရပ်ဖဦးရွှေအောင်က ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံများတက်ရောက်ကြပြီး လက်ပန်တန်းကျေးရွာ၌မှာရုံ၌ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့်ဒေသခံများတွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရူပ(နေပြည်တော်)**

*စာမျက်နှာ ၆ မှ*

**ဇယား(၄)၊ အင်တာနက်လိုင်းနှင့် သုံးစွဲသူအခြေအနေ**

| အကြောင်းအရာ | ဘဏ္ဍာရေးစနစ် | | | | |
|---|---|---|---|---|---|
| | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ |
| **Fiber Line** | 124 | 145 | 178 | 253 | 337 |
| **MPT Satellite Terminal** | 750 | 776 | 787 | 793 | 829 |
| **E1 Line** | 47 | 73 | 122 | 189 | 235 |
| **ADSL Line** | 3792 | 4413 | 6035 | 8442 | 10793 |
| **Dial Up Line** | 3030 | 2777 | 2142 | 1832 | 1730 |
| **Mobile** | - | 25530 | 848983 | 2501696 | 3413453 |
| **Internet User** | 38715 | 66445 | 930913 | 2600298 | 3537123 |

**မှတ်ချက်။** အင်တာနက်သုံးစွဲသူဦးရေမှာ ၉၁ ဒသမ ၃၆ ဆမျှ တိုးတက်လာပါသည်။

ဖော်ပြပါဇယား(၃)နှင့်ဇယား(၄)တို့သည် အင်တာနက် Bandwidth တိုးချဲ့နိုင်မှုနှင့် အင်တာနက်သုံးစွဲသူ အခြေအနေကို ဖော်ပြထားရာ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အင်တာနက် Bandwidth တိုးချဲ့နိုင်မှုမှာ ၈ ဒသမ ၂၄ ဆမျှသာ တိုးခဲ့သော်လည်း အင်တာနက်သုံးစွဲသူ ဦးရေမှာ ၉၁ ဒသမ ၃၆ ဆမျှ တိုးတက်ခဲ့ကြောင်းကို ဖော်ပြနေပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပညာရှင်များ၏လေ့လာချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြိုးဖုန်းသုံးစွဲမှု ၁၀ ရာခိုင်နှုန်းတိုးတိုင်း တိုင်းပြည်ဝင်ငွေ GDPကို ဝ ဒသမ ၇၃ ရာခိုင်နှုန်းတိုးစေသလို မိုဘိုင်းဖုန်းသုံးစွဲမှု ၁၀ ရာခိုင်နှုန်းတိုးတိုင်း တိုင်းပြည်ဝင်ငွေ GDPကို ဝ ဒသမ ၈၁ ရာခိုင်နှုန်းတိုးစေပါသည်။ ထို့အပြင် အင်တာနက်သုံးစွဲမှု ၁၀ ရာခိုင်နှုန်းတိုးတိုင်း တိုင်းပြည်ဝင်ငွေ GDPကို ၁ ဒသမ ၁၂ ရာခိုင်နှုန်းတိုးစေကာ Broadband သုံးစွဲမှု ၁၀ ရာခိုင်နှုန်းတိုးပါက တိုင်းပြည်ဝင်ငွေ GDP ကို ၁ ဒသမ ၃၈ ရာခိုင်နှုန်း တိုးတက်စေသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းတယ်လီဖုန်းအသုံးပြုမှုတိုးတက်ရေးသာမက အင်တာနက်နှင့် Broadband သုံးစွဲမှုပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ရှိနေပါသေးသည်။

ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် (Reform Process) သည် ဆောင်ရွက်လိုက်၊ ရပ်လိုက်ဖြင့် ပြတ်တောင်းပြတ်တောင်းလုပ်ရသည့်ဖြစ်စဉ် (Intermittent Process) မဟုတ်ပါ။ စဉ်ဆက်မပြတ်ဆက်တိုက်ဆောင်ရွက်ရသောဖြစ်စဉ် (Continuous & Sustained Process) တစ်ခုပင်ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုများသည်လည်း ရပ်တန့်၍မနေပါ။ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေမည်သာဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# ရွှေပေါက်ကံစက်မှုဇုန်၌မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်၌ ယနေ့နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ဗိုလ်တေဇလမ်းရှိ ငံပြာရည်ဂိုဒေါင်မှ လျှပ်စစ်မီးခုံအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့ပြီး လူ၊ တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

အများပြည်သူ အိပ်မောကျနေချိန်တွင် မီးလောင်ကျွမ်းခြင်းကြောင့် စက်မှုဇုန်ရှိပြည်သူများ၊ လုပ်ငန်းရှင်များလွန်စွာ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း၊ မီးလောင်ရာသို့ မီးသတ်ကားအချိန်မီရောက်ရှိလာခြင်း၊ မီးလောင်ကျွမ်းသောစက်ရုံ၏ နောက်ကျောဘက်မှမြန်မာပြည်သား စက်ရုံတွင် ကိုယ်ပိုင်ရေလှောင်ကန်များရှိနေခြင်းစသည်တို့ကြောင့် မီးသတ်ယာဉ်များ ရေလုံလောက်စွာအလွယ်တကူရယူနိုင်ခဲ့ပြီး အခြားစက်ရုံများသို့ မီးကူးစက်မလောင်ခဲ့ကြောင်း မီးသတ်ဝန်ထမ်းတစ်ဦးက ပြောသည်။

ဆက်လက်၍ မီးလောင်ရာသို့ လာရောက်ကူညီငြိမ်းသတ်ပေးသူ ရွှေပေါက်ကံရပ်ကွက်နေသူ ဦးနိုင်ကြီးက "မြန်မာပြည်သားစက်ရုံလို ကိုယ်ပိုင်ရေလှောင်ကန်တွေ စက်မှုဇုန်တိုင်းမှာ ရှိသင့်တယ်။ ကိုယ်ပိုင်ရေလှောင်ကန်ဖြစ်တဲ့အတွက် ၁၂ ရာသီ ရေရှိနေတယ်။ ရေလှောင်ကန်တွေရှိနေခြင်းဟာ မီးလောင်မှုဖြစ်တဲ့အခါ မီးငြိမ်းရာမှာ အထောက်အကူဖြစ်စေတယ်။ မိမိစက်မှုဇုန်လုပ်ငန်းရှင်ပြည်သူတွေရဲ့ အသက်အိုးအိမ်ကိုစောင့်ရှောက်ရာကျသလို၊ မီးဘေးအန္တရာယ်အတွက်လည်း ကြိုတင်ကာကွယ်ရာရောက်တယ်" ဟု ပြောကြားသည်။

မီးလောင်မှုကို မီးသတ်ရေယာဉ်၂၃စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်ခြောက်စီးဖြင့် မီးသတ်ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ရန်ကုန်တိုင်းဒေသကြီးအဖွဲ့တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သန္နေမီးသတ် ၁၆၈ ဦး၊ အရန်မီးသတ် ၈၀ နှင့် ကြက်ခြေနီ ၆၁ ဦး၊ စက်မှုဇုန်ရှိပြည်သူများက ပူးပေါင်းငြိမ်းသတ်ခဲ့သည်။

သတင်း-ကိုမျိုး(ရွှေပေါက်ကံ)၊ ဓာတ်ပုံ- AggA စိုး



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# စီးပွားရေးလုပ်ဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင်သည် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Mission Leaderနှင့်အဖွဲ့ ဆက်စပ်ဝန်ကြီးဌာန များမှ ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအား ဖိတ်ကြား၍ ကျင်းပသည့် "အရှေ့အနောက် စီးပွားရေးလမ်းကြောင်း တစ်လျှောက် စီးပွားရေးလုပ်ဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေးဆိုင်ရာ" ညှိနှိုင်းအစည်းအဝေး အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်(ADB) မှ Mission Leader နှင့်အဖွဲ့တို့သည်လာမည့် ဒီဇင်ဘာ ၂ ရက်အထိ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များသို့ သွားရောက်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ် ဆောင်ရွက်နေကြသည့် ဒေသခံလူမှုအဖွဲ့အစည်းများ၊ ကုန်ထုတ်လုပ်ငန်းရှင်များ ခရီးသွားလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ အဆိုပါ "အရှေ့အနောက် စီးပွားရေးလမ်းကြောင်း တစ်လျှောက် စီးပွားရေးလုပ်ဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေး" ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများပြုလုပ်ရခြင်းမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ၌ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးကဏ္ဍများတွင် အခွင့်အလမ်းများပိုမိုရရှိနိုင်ရေး၊ အရည်အသွေးမြင့်မားသော ဒေသထွက်လက်မှုပစ္စည်းများနှင့် အစားအသောက်များကို ထုတ်လုပ်ရောင်းချခြင်းမှတစ်ဆင့် ဒေသခံများ ဝင်ငွေတိုးတက် နိုင်စေရန်နှင့်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန်တို့အတွက်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များအပေါ် ဝိုင်းဝန်း အကြံပြု ဆွေးနွေးပေးစေလိုကြောင်း၊ မကြာခင်ဖြစ်ပေါ်လာမည့် အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့်အတူ ယခုစီမံကိန်းသည် ဒေသခံပြည်သူများအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Mission Leader Ms.Uzama Hoque က စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်နေမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ အစီအစဉ်များ စီမံကိန်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်သို့သွားရောက်မည့် ခရီးစဉ်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၏ သိရှိလိုသည်များနှင့်ပတ် သက်၍ မေးမြန်းချက်များအပေါ် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Mission Leader Ms. Uzama Hoqueက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နံနက် ၆ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ' ၊ကချင်၊ ကယားဘာသာများကို ည ၂၃ ၊၀၀ နာရီအထိ ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ပြောင်းလဲထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှ ၇ နာရီအထိ အနောက် ပိုးကရင်ဘာသာအစီအစဉ်၊ ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင် ဘာသာ အစီအစဉ်၊ ၈ နာရီမှ ၉ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ ၉ နာရီမှ ၁၀ နာရီအထိ ချင်း(ချိုး) ဘာသာ အစီအစဉ်၊ ၁၀ နာရီမှ ၁၂ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ၁၂ နာရီမှ ၁၄ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ၁၄ နာရီမှ ၁၆ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ၁၆ နာရီမှ ၁၈ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ၁၈ နာရီမှ ၂၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ၂၀ နာရီမှ ၂၂ နာရီအထိ ကယားဘာသာအစီအစဉ်၊ ၂၂ နာရီမှ ၂၃ နာရီအထိ စကောကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်မည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

**အရိပ်လည်းရ**

**ဝန်းကျင်လှ**

**သစ်ပင်စိုက်ပျိုးကြ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၉၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၄-၁၀၅၆ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၆၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၁၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၉၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၉၀-၇၃၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ(စေ့)တင်ပြသည်။

## အုတ်သယ်ယာဉ် ဆိုက်ကားကို တိုက်ပြီးမောင်းပြေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၅ ရက်နံနက် ၅ နာရီမိနစ် ၅၀ တွင် ကမ်းနားလမ်းမဟောင်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော အုတ်သယ်ယာဉ်တစ်စီးသည် ဘုန်းကြီးလမ်းဆုံ မီးပွိုင့်အလွန်တွင် အရှေ့မှအနောက်သို့ ခရီးသည်နှစ်ဦး တင်ဆောင်လာသော ဆိုက်ကား တစ်စီးကို ဝင်တိုက်မိပြီး မောင်းနှင် ထွက်ပြေးသွားကြောင်း၊ ဆိုက်ကားရှေ့ပိုင်းတွင် စီးနင်းလာသော အမျိုးသမီးခရီးသည်မှာ ဦးခေါင်းပိုင်းတွင် ဒဏ်ရာရရှိပြီး နောက်ပိုင်းတွင် စီးနင်းလာသော အမျိုးသမီးမှာ ယင်းဆိုက်ကားအနီးရှိ ခရီးသည်တင်ယာဉ်လိုင်းတစ်စီး အောက်သို့ ရောက်သွားသော်လည်း အချိန်မီ ကားရပ်နိုင်ခဲ့သဖြင့် ထိခိုက်မိခြင်းမရှိကြောင်း၊ ဆိုက်ကားနင်းသူ အပါအဝင် ဒဏ်ရာရရှိသူ သုံးဦးကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ပို့ပေးခဲ့ပြီး သက်ဆိုင်ရာက စစ်ဆေးအရေးယူနေကြောင်း သိရသည်။ **ခင်ဆိုင်**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူး(ရေးဖြေ/နှုတ်ဖြေ)

**အောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်း**

ရန်ကုန်မြို့ (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ ရက်)
၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၉၃၀၀၀-၁၀၀၀-၉၈၀၀၀)ခံစားခွင့်ရှိသော အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူး ရေးဖြေ/နှုတ်ဖြေ အောင်မြင်သူ ၅၃ ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ခုံအမှတ်များ**

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၄၊ | ၈၊ | ၁၀၊ | ၁၃၊ | ၁၅၊ | ၂၇၊ | ၂၈၊ | ၄၄၊ | ၄၇၊ | ၆၂၊ | ၆၃၊ |
| ၆၉၊ | ၇၀၊ | ၁၀၃၊ | ၁၀၄၊ | ၁၀၅၊ | ၁၁၂၊ | ၁၁၉၊ | ၁၄၅၊ | ၁၄၆၊ | ၁၅၂၊ | ၁၅၇၊ |
| ၁၆၁၊ | ၁၆၈၊ | ၁၈၁၊ | ၁၈၆၊ | ၁၈၇၊ | ၂၀၉၊ | ၂၂၁၊ | ၂၂၇၊ | ၂၃၂၊ | ၂၇၃၊ | ၂၇၄၊ |
| ၂၇၆၊ | ၂၇၉၊ | ၃၁၁၊ | ၃၂၀၊ | ၃၄၃၊ | ၃၅၅၊ | ၃၅၇၊ | ၃၆၆၊ | ၃၇၅၊ | ၃၈၁၊ | ၃၉၆၊ |
| ၄၂၁၊ | ၄၄၆၊ | ၄၅၃၊ | ၄၆၉၊ | ၄၇၄၊ | ၅၇၃၊ | ၅၇၄၊ | ၆၀၉၊ | ၆၂၄ | | |

၂။ ရွေးချယ်ခံရသူများသည် ၁၀-၁၂-၂၀၁၄ရက် ၁၀း၀၀နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)သို့ အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ရမည်-

(က) နိုင်ငံသား စိစစ်ရေးကတ်ပြား(မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်(မူရင်း)

**အကောက်ခွန်ဦးစီးဌာန**



သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။

December 13 to 16, 2014
Tatmadaw Hall, Yangon

The 2nd Housing & Living 2014



Supporting Partners:

ZVILLAS, AMPS, Ayeyarwaddy, HOME GALAXY, A+, EUROWIN, NGWE KYAL EAIN Group Company Limited, NATION LIGHT Co., Ltd, MODERN TECH, SILVER LOTUS CO., LTD, HomeCity

Organized by: DAGON EXHIBITIONS

hot line: 09 30331405
www.events-housingandliving.com



# မယ်ဇလီဆည်ရေသောက် မြောက်မုန်းမြောင်းမကြီးတွင် မြောင်းပေါင်ကျိုးပေါက်မှုဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မယ်ဇလီဆည်ရေသောက် မြောက်မုန်း မြောင်းမကြီးတွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ထူးပေါက်၍ မြောင်းအလျားပေ ၅၀ ခန့် ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရာ မြောင်းမကြီးအတွင်းရှိ ဆည်ရေများ မိုးစပါးစိုက်ခင်းများအတွင်းသို့ ဝင်ရောက်မှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။

မြောင်းပေါင်ကျိုးပေါက်မှုသိရှိရသည်နှင့် တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းထိုက် (ညွှန်ကြားရေးမှူး-မြို့ပြ)၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မြေစာရင်း၊ စက်မှုလယ်ယာတို့မှ တိုင်းဦးစီးမှူးများ ရောက်ရှိပြီး စက်ယန္တရားများသယ်ယူရွှေ့ပြောင်းမည့်အစီအစဉ်များ၊ ရေလျော့လျှင် လျော့ခြင်း မြောင်းပေါင်ပြန်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဝရာချောင်းတစ်လျှောက်ရှိ မိုးစပါးထိခိုက်ပျက်စီးမှု စာရင်းများ ကောက်ယူရန်စီစဉ် ဆောင်ရွက်ခဲ့ပြီး ရေဖုံးလွှမ်းသော လယ်ယာမြေများ၏ အခြေအနေတို့ကို စစ်ဆေးကြည့်ရှုပြီး ပဏာမစာရင်း ကောက်ယူမှုများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးရဲထွန်းအောင်နှင့် ဒုတိယဦးစီးမှူး ဦးအောင်ကျော်စိုးတို့သည် မြောင်းကျိုးပေါက်မှုနှင့် ဝရာချောင်းရေဆိုးထုတ် အဆောက်အအုံ (၆×၆)ပေ နှစ်ပေါက်ပျက်စီးနေမှု အခြေအနေကိုကြည့်ရှုပြီး မယ်ဇလီဆည်မှ မြောက်မုန်းမြောင်းအတွင်းစီးဆင်းနေသော ရေများလျော့နည်းသွားစေရန် မြောက်မုန်းမြောင်းထိပ် ရေတံခါးခုနစ်ပေါက်ကို ပိတ်ခဲ့ကာ ဆည်မြောင်းလုပ်သားများဖြင့် ကျိုးပေါက်သွားသော မြောင်းပေါင်ဘက်တွင် မြေသယ်ယူခြင်း၊ မြေရှင်းလင်းခြင်း၊ လမ်းဖောက်ခြင်း၊ မြောင်းကျိုးနေသော ပေါင်နှစ်ဖက်ကို ဖြည့်တင်းခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ခဲ့မှုကြောင့် နိုဝင်ဘာ ၂၂ ရက်က မြောင်းပေါင်မြေဖို့ခြင်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

မြောက်မုန်း မြောင်းမကြီးမှ မိုးစပါးရေပေးဝေရာတွင် အချို့လက်တံနှင့်မိုင်းနားများ အဖျားပိုင်း၌ အောင်ရေလိုအပ်မှုရှိနေသေးသဖြင့် ယာယီရေတမံကို ဖွင့်လှစ်ပြီး မြောင်းမကြီးအတွင်းသို့ ရေတားတမံအထက်ရှိ ဆည်ရေများကို နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ရေအနက်နှစ်ပေ ၂၇၄ ကျူ့ဆက်ဖြင့် ထုတ်လွှတ်ပေးထားပြီး တောင်သူများ၏ အောင်ရေရရှိမှုလိုအပ်ချက်များကို ဆက်လက်၍ တိုးမြှင့်ထုတ်လွှတ်ပေးသွားမှာဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် မြေအောက်ရေရရှိ၍ ရာသီမရွေးသီးနှံများ ပိုမိုစိုက်ပျိုးလာကြ

**မိတ္ထီလာ နိုဝင်ဘာ ၂၅**

နိုင်ငံတော်က ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နှင့်မြို့ပြလူမှုစီးပွား ဘဝကွာဟမှုကျဉ်းမြောင်းစေရေး၊ မြန်မာ့ကျေးလက်ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် ကျေးရွာချင်းဆက်၊ ကျေးလက်နှင့်မြို့ဆက် လမ်းတံတားများ တည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက် လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ ကျေးရွာ မီးလင်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရေးအတွက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက နိုင်ငံတော်၏အခန်းကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ မိုးလိုမိုးနည်းရပ်ဝန်းဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် မြေအောက်ရေဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဦးဆောင်ပြီး ၂၀၁၃-၂၀၁၄ခုနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၃၉ ရွာတွင် အဝီစိတွင်းပေါင်း ၁၈၀ ကို တူးဖော်ဆောင်ရွက်နိုင်ခဲ့ရာ ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်လာကြသည်။ အဆိုပါကျေးရွာများတွင် ယခင်က ဆည်ရေသောက်များ မရရှိသည့်အတွက် မိုးကိုသာမျှော်ပြီး တစ်သီးစားသာစိုက်ပျိုးနိုင်၍ စားဝတ်နေရေးအခက်အခဲများကြုံတွေ့နေရာမှ ယခုအခါတွင် နိုင်ငံတော်၏ပံ့ပိုးမှု ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြေအောက်ရေရရှိအောင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးမှုကြောင့် ရာသီမရွေးသီးနှံများ စိုက်ပျိုးနိုင်ကြရာ ဒေသခံတောင်သူများ အဆင်ပြေလျက် ရှိလာကြသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြေအောက်ရေရရှိ၍ ရာသီမရွေးစိုက်ပျိုးနိုင်သည့်အတွက် အဆိုပါကျေးရွာများဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဆည်ရေသောက်မရရှိသည့် အခြားကျေးရွာများက တောင်းဆိုခဲ့၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာ ၂၀ တွင် အဝီစိရေတွင်းပေါင်း ၁၂၈ တွင်း လျာထားရာမှ ချုံစွန်း၊ ဆင်မိ၊ ဒဟတ္တန်း၊ ပျဉ်သာ၊ သဲကုန်း၊ ဘုံစုကန်၊ မယ်ဇလီပင်၊ ဖျောက်ဆိပ်ပင်၊ ကန်စွယ်၊ ကျောက်တိုင်၊ လျှော်ဖြူကန်၊ ခင်လူး၊ ကန်နီ၊ ညောင်ကုန်း၊ ပျဉ်သာ(မကျီးစု)နှင့် ကန်သာစသည့် ကျေးရွာများတွင် ရေတွင်းပေါင်း ၈၀ တူးဖော်ဆောင်ရွက်ပြီးစီး၍ ကျန်ရှိသည့်တွင်းများကိုလည်း ဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် ဆက်လက်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာများတွင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြေအောက်ရေဖြင့် ဒေသစိုက်ပျိုးသည့် ကြက်သွန်၊ ငရုတ်နှင့်အခြားသီးနှံများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာကြရာမှ မြို့နယ်၏ အဓိကဒေသထွက်ကုန် တစ်ခုအဖြစ် ပိုမိုစိုက်ပျိုးလာနိုင်သည့်အတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကြ၍ နိုင်ငံတော်နှင့် မြေအောက်ရေရရှိအောင် ဦးဆောင်သည့် ရေအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများကို ဒေသခံများက ကျေးဇူးတင်လျက်ရှိကြသည်။

**သိန်းမြင့်ကျော်**




## တပည့်များစုံညီ အာစရိယပူဇော်ပွဲ ပင့်လျှောက်လွှာ

**ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ မဟာပညာဝိမာန်စာသင်တိုက်တွင်** ပညာရည်နို့သောက်စို့ခဲ့ပြီး၊ သောက်စို့ဆဲဖြစ်သော တပည့်များအနေဖြင့် (ပဉ္စမ)အကြိမ် တပည့်များစုံညီ အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်ကန်တော့နိုင်ကြပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည်ဘုရား။

နေ့ရက်။ ၁၆-၁၂-၂၀၁၄
ဌာန။ မဟာပညာဝိမာန်စာသင်တိုက်၊ ရွှေကျင်မြို့
(၁၅-၁၂-၂၀၁၄နေ့အရောက် ကြွရောက်ပါရန်)

ဦးကဝိန္ဒ (တာဝန်ခံ)
၀၉-၇၉၉၅၉၂၃၃၉

## တတိယအကြိမ် အထက မိကျောင်းရဲ မြတ်ဆရာပူဇော်ပွဲ

မိကျောင်းရဲ၊ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် မိကျောင်းရဲ အထက၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

အလှူငွေများ လှူဒါန်းရန်
၁။ ဒေါ်မြတ်အေးကြူ(ခ)ဒေါ်မွှေးချို ဖုန်း-၀၉-၅၀၆၃၇၀၃
၂။ ဦးအောင်သင်း(ရန်ကုန်) ဖုန်း-၀၉-၂၅၂၃၉၈၈၂၈
၃။ ဦးသက်ဦး(မိကျောင်းရဲ) ဖုန်း-၀၉-၄၀၁၆၆၂၅၃၉
၄။ ဒေါ်ခင်ခင်မြင့်၈/မကန(နိုင်)၀၆၇၀၅၀
ဖုန်း-၀၉-၂၅၈၀၂၀၃၂၂ ကမ္ဘောဇဘဏ်(၂)၊ မကွေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၉၈၉ Yangon Jeep YGN001 S/W(4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်း ၁၂/စခန(နိုင်)၀၃၄၂၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ပုံနှိပ်စက် အခြေခံစက်ရိုက်သင်တန်း

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းသည် ပုံနှိပ်စက်များကို စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်စက်ရိုက်နိုင်သည့် ပုံနှိပ်စက်ရိုက် လုပ်သားသစ်များ ပေါ်ပေါက်လာရေးအတွက် ပုံနှိပ်စက်ကိုင်အခြေခံသင်တန်းကို စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါသည်။ စိတ်ဝင်စားသူများ အသင်းရုံးခန်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ သင်တန်းတက်ရောက်မည့်သူသည် အလယ်တန်းပညာအရည်အချင်း အောင်မြင်ပြီးသူဖြစ်ရမည်။

**သင်တန်းအချက်အလက်**
သင်တန်းစတင်မည့်ရက် - ၁-၁၂-၂၀၁၄
သင်တန်းချိန် - နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
သင်တန်းရက် - တနင်္လာနေ့ မှ စနေနေ့ထိ
သင်တန်းကာလ - (၂)လ
သင်တန်းကြေး - ၃၀၀,၀၀၀ ကျပ်
သင်တန်းတည်နေရာ - အမှတ်(၈၀-ဝဲ)၊ ၅၆-လမ်း(အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉၅၁၀၀၅၃၄၊ ၂၃၀၀၁၉၇

## ပြင်ဆင်ချက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့မှ ၂၂-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂလှိုင်ဂူသိုလှောင်ရုံဝင်းရှိ ဆောက်လုပ်ရေးပစ္စည်း ၆၄ မျိုးတို့ကို မျက်မြင်အခြေ အနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်ပါ Lot(3) မှ Deposit ငွေကျပ်သိန်း ၃၀၀၀ အစား ကျပ်သိန်း ၃၀၀ သို့ ပြင်ဆင်သတ်မှတ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ် ၃၇၀-A၊ ဦးပိုင်အမှတ် ၁၄/စ၊ ဧရိယာ ၃ ဒသမ ၄၇ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် ၃၆၊ အကျယ်အဝန်း ပေ(၂၀×၆၀) ရှိသောမြေကွက်နှင့် ယင်းမြေကွက် ဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းအောင် ၁၄/ဘကလ(နိုင်)၁၈၉၆၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်**
**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ်(၃၇၀-A)၊ ဦးပိုင်အမှတ်(၁၄/စ)၊ ဧရိယာ ၃ဒသမ၄၇ ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် ၃၅၊ အကျယ်အဝန်း (ပေ၂၀×ပေ၆၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းအောင် ၁၄/ဘကလ(နိုင်)၁၈၉၆၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A,H.G.P,C.B.L,D.B.L,D.M.L ဥပဒေအကျိုးဆောင်၊**
**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

# ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း

**၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**(၁၃၇၆ ခုနှစ်၊ လ ရက်)**

**၂၀၁၄ ခုနှစ်၊ လ ရက်**

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နှင့် ၂၄ ရက်နေ့တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒခံယူရာ ဆန္ဒမဲပေးခွင့်ရှိသူများအနက် ၉၈.၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ယင်းဆန္ဒမဲပေးသူများအနက် ၉၂.၄၈ ရာခိုင်နှုန်းက အတည်ပြုရန် ထောက်ခံခဲ့သဖြင့် ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစသည်တို့နှင့်စပ်လျဉ်း၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်အချို့ကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်လာသောကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **"၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး အတွက် ဤဥပဒေဖြင့် တာဝန်ပေးအပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်ကိုဆိုသည်။

(ဃ) **ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲကိုဆိုသည်။

(င) **ခရိုင်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(စ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဆ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **နိုင်ငံသား** ဆိုသည်မှာ တည်ဆဲဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီးသူကို ဆိုသည်။

(ဈ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူများနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကိုယ် ဆက်ကပ်ထားပြီးသည့်ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင်ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ည) **ဆန္ဒခံယူပွဲဒေသ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဋ) **မဲစာရင်း** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို ဆိုသည်။

(ဌ) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဍ) **မဲရုံမှူး** ဆိုသည်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကို ဆိုသည်။

(ဎ) **ပယ်မဲ** ဆိုသည်မှာ -

(၁) သတ်မှတ်ထားသည့်အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်ကြောင်း မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်။

## အခန်း(၂)
## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရမည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော်မရှင်ကသတ်မှတ်သည့်ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက် ကို အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် မိမိတို့၏ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ၇ရက် ကြိုတင်ကြေညာရမည်။

## အခန်း(၃)
## ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးနှင့် ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲများကျင်းပရာတွင်ကြီးကြပ်နိုင်ရေးတို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်လိုက်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကော်မရှင်သည် အောက်ပါကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းရမည် သို့မဟုတ် ဖွဲ့စည်းစေနိုင်သည် -

(၁) ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၂) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ခရိုင်ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၃) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုလျှင် အဖွဲ့ဝင် ၅ ဦးမှ ၂၀ ဦးအထိ ပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတစ်ခု။

## အခန်း(၄)
## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲဒေသများကို သတ်မှတ်ကြေညာခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အချိန်ကာလသတ်မှတ်ပေးခြင်း၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့်ပုံစံ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထုတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာခြင်း၊ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၇။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကိုခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ပေးပို့ခြင်း။

၈။ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကော်မရှင်မှ တောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်နှင့်ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့် နေ့ရက်များကို ကြေညာခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီးဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကိုခွဲခြား၍ စာရင်းပြုစုပြီး

**စာမျက်နှာ ၁၆ သို့**

## ဥပဒေကြော်ငြာ

စာမျက်နှာ ၁၅ မှ

ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာခရိုင် ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စများကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကိုပြုစုပြီး သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့အတည်ပြုရန် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံအဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

**ခြွင်းချက်။** ဆန္ဒခံယူပွဲကျင်းပသောနေ့ရက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ခန့်ထားသောမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်း မပြုနိုင်လျှင် ရပ်ရွာကကြည်ညိုလေးစားခြင်းခံရသည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကို အစားထိုး တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသောဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများ ရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက် မှတ်များကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

### အခန်း(၅)
### မဲစာရင်းများပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင်ထည့်သွင်းနိုင်ခွင့်ရှိသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့် အတူနေထိုင်သော မိသားစုဝင်များ၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပြင်ပ၌ အလုပ်ဝတ္တရားဆောင်ရွက်ရန် အစိုးရက ခန့်အပ်ထားခြင်းခံရသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ရောက်ရှိနေသော အစိုးရပညာတော်သင်များနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၊

(၅) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်း အသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ၊

**ရှင်းလင်းချက်။** တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရန် အစိုးရကဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများသည်လည်းကောင်း၊ တပ်မတော်ကဖွင့်လှစ်သော တက္ကသိုလ်များနှင့် ကျောင်းများသည်လည်းကောင်း ပါဝင်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ကျောင်းသားများအနက် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းဖွင့်လှစ်ထားသည့်ဒေသရှိ မဲစာရင်းတွင်ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျနေသောဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းများနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲ ဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက် ကျော်လွန်သည်အထိ ယာယီလာရောက်အလုပ်လုပ်ကိုင်သူများကို ရောက်ရှိနေသောဆန္ဒခံယူပွဲဒေသ၏မဲစာရင်းတွင်ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ-

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပုဒ်မ ၁၁၊ပုဒ်မခွဲ(က)အရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ(က)အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၏အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။ အကယ်၍ ယင်းမဲစာရင်းတွင်ပါရှိနေလျှင် ထိုသူ၏ အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သောအဖွဲ့ဝင်အရေအတွက်ဖြင့် ဖွဲ့စည်းသည့် အောက်ပါအဖွဲ့များက ပြုစုရမည်-

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာသံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးနှင့်အဖွဲ့၊

(၂) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာတပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်း အသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်နှင့်ကောလိပ်ဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ သိပ္ပံနှင့်ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင်ယင်းကျောင်း၏ အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသောဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီးနှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ယင်းလုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိ အချုပ်သားများအတွက် သက်ဆိုင်ရာရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများအတွက် သက်ဆိုင်ရာထောင်ပိုင်နှင့်အဖွဲ့။

(င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော်သား ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များ အတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့မိသားစုဝင်များ၏ အမည်များကို သက်ဆိုင်ရာတပ်မှူး၏အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာတပ်တွင်း၌ မနေဘဲ တပ်၏ပြင်ပ၌နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်ကြသည့် မိသားစုဝင်များ၏အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်းပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)အရ ဖွဲ့စည်းထားသည့်အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။ မဲစာရင်းနှင့်စပ်လျဉ်း၍အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ဖွဲ့စည်းထားသောအဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့်သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကိုရယူရမည်။ ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

### အခန်း(၆)
### ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေးအတွက် အများမြင်သာသည့်နေရာတွင် သတ်မှတ်ထားသောမဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့် ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှသော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကိုရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ ထည့်ရမည်။

၁၈။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် မိမိနေထိုင်သောဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်။

၁၉။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) တွင် ဖော်ပြထားသောပုဂ္ဂိုလ်များအတွက် ဆန္ဒမဲပေးရန်နည်းလမ်းများမှာ ဤဥပဒေအရပြဋ္ဌာန်းသည့်နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

### အခန်း(၇)
### ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၀။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ဆန္ဒခံယူပွဲကို တည်ငြိမ်စွာကျင်းပနိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတစ်ခုလုံးနှင့် သက်ဆိုင်သောမဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကိုဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်ထားသော ကာလအတွင်း ဆန္ဒမဲပေးနိုင်ရေးအတွက် သင့်လျော်သည့်နေ့ရက်သို့တစ်ကြိမ် ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်သည်။ ယင်းသို့ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက ပုဒ်မခွဲ (က)ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။ ဆန္ဒမဲပေးနေစဉ် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူငါးဦး၏ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာ ပိတ်ထားပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။ ယင်းကော်မရှင် အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည့်မဲရုံတွင် ဆန္ဒမဲပေးရန် ကျန်နေသည့်ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန်နေ့ရက်နှင့် နေရာကို ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ထားသော ကာလအတွင်းမှ ရက်တစ်ရက်သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့်နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

စာမျက်နှာ ၁၇ သို့

ဥပဒေကြော်ငြာ

စာမျက်နှာ ၁၆ မှ

၂၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့်ဖျက်သိမ်းရန် အခြေအနေ ဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်း၏ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့အခြေအနေ ဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ဆောင်ရွက်ချက်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။

(ခ) ပုဒ်မခွဲ(က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကိုကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသအားလုံး၏ထက်ဝက်အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ထက်ဝက်ကျော်ကိုဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာခရိုင် ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်နယ်သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) ပုဒ်မခွဲ(ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ထောက်ခံတင်ပြချက်ကို ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ထိုသို့ဖျက်သိမ်းရန်ဆုံးဖြတ်ကြောင်းကို ကော်မရှင်သို့အစီရင်ခံ၍ သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

**အခန်း(၈)**
**ဆန္ဒမဲရေတွက်ခြင်း**

၂၂။ (က) မဲရုံတွင် မဲရုံပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် မဲရုံအဖွဲ့သည်-

(၁) ၁၀ ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ရှေ့မှောက်တွင် မဲပုံးများကို စစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

(၂) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သောနေ့ရက်တွင် ကျန်ရှိနေသေးသောဆန္ဒမဲပေးခွင့်ရှိသူများထံမှ ဆန္ဒမဲဆက်လက်ရယူရမည်။ ထိုဆန္ဒမဲရယူသည့် မဲရုံပိတ်ပြီးမှသာလျှင် ယင်းမဲရုံမှဆန္ဒမဲများကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများနှင့်ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သောနေ့ရက်တွင်လည်း ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများကိုသာ ရေတွက်ရမည်။

(၄) ပုဒ်မခွဲငယ်(၁) နှင့်အညီ ဆန္ဒမဲများကို ရေတွက်ပြီးသောအခါ မဲစာရင်းပါ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ်တို့၏စာရင်းများကို သီးခြားပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၄) အရ ပေးပို့သည့်စာရင်းများကို မဲရုံအလိုက် စုစည်းပြီး စာရင်းချုပ်ပြုစု၍လည်းကောင်း၊ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်-

(၁) ပုဒ်မခွဲ(ခ) အရ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများက ပေးပို့သည့်စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အလိုက်စုစည်း၍ ပြုစုသောစာရင်း၊

(၂) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသောအဖွဲ့များကပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး ရရှိသည့် စာရင်းများကိုလည်းကောင်း၊ ပုဒ်မခွဲငယ် (၁)ပါစာရင်းများကိုလည်းကောင်း စုပေါင်းပြုစုထားသောစာရင်းတို့ကို အစီရင်ခံစာနှင့်အတူ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းမိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ပေးပို့ရမည်။

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ(ဂ) အရ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက ပေးပို့သော မဲစာရင်းများကို စုစည်း၍ ကော်မရှင်သို့ပေးပို့ရမည်။

(င) ကော်မရှင်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁) အရ ဖွဲ့စည်းထားသော အဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများခွဲခြား၍ ရေတွက်ရမည်။

**အခန်း(၉)**
**ဆန္ဒမဲများကြေညာခြင်း**

၂၃။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) အရ ပေးပို့တင်ပြသော ဆန္ဒမဲစာရင်းများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(င)အရ ကော်မရှင်က ရေတွက်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို တစ်ပေါင်းတည်းစာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံမဲဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

**အခန်း(၁၀)**
**တားမြစ်ချက်နှင့်ပြစ်ဒဏ်**

၂၄။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ခ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုကို လက်ဝယ်ထားရှိခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ်ကြိုတင်ဆန္ဒမဲလက်မှတ်ကိုဖျက်ဆီးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားခြင်း၊

(င) မဲပုံးကို အခွင့်အာဏာမရှိဘဲဖွင့်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း၊

(စ) မဲရုံကို ဖျက်ဆီးခြင်း၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် အခြားစာရွက်စာတမ်းများကို ဖတ်ရှု၍မရစေရန် တမင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရိဝုဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အခြားတစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း၊ ယင်းသို့ဖောက်ဖျက်ရန် အားထုတ်ကြောင်း၊ ဖောက်ဖျက်ရန်ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း သို့မဟုတ် ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၁)**
**ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း**

၂၆။ (က) ကော်မရှင်သည်-

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်ကို တွက်ချက်ပြီး အစိုးရအဖွဲ့သို့ တင်ပြတောင်းခံသုံးစွဲရမည်။

(၂) ပုဒ်မခွဲငယ်(၁)အရ တောင်းခံရရှိသောငွေအနက် ကော်မရှင်အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲများသည်-

(၁) ပုဒ်မခွဲ (က)အရ ကော်မရှင်ထံမှ ခွဲဝေရရှိသောငွေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်းသုံးစွဲ၍ စာရင်းများကို စနစ်တကျထားရှိရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသောအခါ ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်းများကို ကော်မရှင်သို့ ပေးပို့ရမည်။

၂၇။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဝန်ထမ်းများနှင့် ပစ္စည်းအကူအညီတို့ကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံမှ ညှိနှိုင်းရယူနိုင်သည်။

**အခန်း(၁၂)**
**အထွေထွေ**

၂၈။ ကော်မရှင်သည် ပုဒ်မ ၂၃ အရ ဆန္ဒမဲရရှိမှုအခြေအနေကို ကြေညာပြီးနောက် အစိုးရအဖွဲ့သို့ အစီရင်ခံစာတင်သွင်းရမည်။

၂၉။ (က) ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့်အဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် အောက်ပါကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲက အစားထိုးခန့်ထားနိုင်သည်-

(၁) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ကော်မရှင်၊

(၂) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ။

(ခ) ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာလစ်လပ်ခြင်းကြောင့် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများကို ပြဋ္ဌာန်းနိုင်သည်။

(ခ ) ကော်မရှင်သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲလိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**


**မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ် ဖျော်ဖြေပွဲ ကျင်းပမည်**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ပညာရှင် Mr. YAMAMOTO YUNOSUKE (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် ဖျော်ဖြေပွဲကို Classical Music, Folk Songsနှင့်Cinema Musicတို့ဖြင့် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ ရက် ညနေ ၆း၃၀နာရီ၌ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်ပါသည်။ ယခုလိုထူးခြားသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့လာရောက်နားသောတဆင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဂျပန်သံရုံး Tel-01-549644,5,6, Fax-01-549643နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Tel-09-5006552,01-534012, 01-527122 Ex.149 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)၏**
**လစဉ် ဝိပဿနာတရားစခန်းဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ်(၈၈၈)၊ ဆရာကြီးဦးသန်း ကမ္မဋ္ဌာန်းရိပ်သာဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနစရိယချုပ်ဆရာကြီး ဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ၁-၁၂-၂၀၁၄ရက်မှ ၉-၁၂-၂၀၁၄ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်**
**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၇၆၊ ၃၉-အထူး-ဂိတ်ဆုံး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ဃ/၅၁၆၂ Toyota Belta, S/L ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၉/အမရ(နိုင်)၁၁၇၄၆၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ၊ Driving Licence Online Service ဆောင်ရွက်ရန် Hardware များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | လုပ်ငန်းသုံးစက်ကိရိယာများ | (၆)မျိုး |
| (ခ) | ရုံးသုံးစက်ကိရိယာများ | (၉)မျိုး |
| (ဂ) | Driving Licence Online Service ဆောင်ရွက်ရန် Hardware များ | (၄)မျိုး |

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3801 BEIBEN DUMP Truck (8x4)L T/S ယာဉ်လက်ဝယ်ရှိသူ Myanmar Wanbao Mining Copper Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3803 BEIBEN DUMP Truck (8x4)L T/S ယာဉ်လက်ဝယ်ရှိသူ Myanmar Wanbao Mining Copper Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**လေလံကြော်ငြာ**

မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်းဒေသအသီးသီးမှ အသုံးပြုပြီး တာယာ/ဘက်ထရီ/သံတိုသံစ/ပေပါခွံ/လွှဝိုင်းဟောင်းများ အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ
**နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံးခန်းမ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
**စုံစမ်းဆက်သွယ်ရန်ဖုန်း**- ၀၂-၇၀၁၈၇၊ ၀၂-၇၀၁၉၂

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၃)လမ်း၊ အမှတ်(၂၅၃-အေ)၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂ $\frac{1}{2}$ ပေ×ပေ၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်ပြီး ယခုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးသန်း ၇/ပခန(နိုင်)၁၈၆၄၈၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တချို့တစ်ဝက်ကိုပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင်(LL.B.,D.B.L.,D.M.L) ဒေါ်ဖြူဖြူခိုင်(LL.B.,D.B.L.,D.M.L)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ**
**အမှတ် ၂၇ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိတ္ထီလာယာယီကယ်ဆယ်ရေးစခန်းနေမိသားစုများ ပြန်လည်နေရာချထားရေး ဆွေးနွေး

**ယမန်နှစ်အတွင်းက ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများကြောင့် မိတ္ထီလာမြို့ ခရိုင်အားကစားကွင်းယာယီကယ်ဆယ်ရေးစခန်းတွင် နေထိုင်နေရသည့် မိသားစုများကို ၎င်းတို့နေထိုင်ရာ သီရိမင်္ဂလာရပ်ကွက်တွင် ပြန်လည်နေရာချထားနိုင်ရေးအတွက် ယင်းမိသားစုဝင်များကို မြို့နယ်အုပ်ချုပ်ရေးမှူးက နိုဝင်ဘာ ၂၃ ရက်က သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းနှင့် ယခုနှစ် ဒီဇင်ဘာလမကုန်မီ ပြန်လည်နေရာချထားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားကြောင်း သိရသည်။**

**မိတ္ထီလာ နိုဝင်ဘာ ၂၅**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က သီရိမင်္ဂလာရပ်ကွက်တွင် မိသားစုများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိပြီး ယနေ့မှစတင်ကာနေရာချထားရန် ကျန်ရှိမြေကွက်များပြန်လည်တိုင်းတာသတ်မှတ်ခြင်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ မိမိတို့ရပ်ကွက်တွင်ပြန်လည်နေထိုင်သည့်အခါ အချင်းချင်းသင့်မြတ်စွာနေထိုင်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ မြေကွက်များပြန်လည်သတ်မှတ်နေရာချထားရာတွင် မီးဘေးအန္တရာယ်လုံခြုံရေးအတွက် မီးသတ်ကားများဝင်ထွက်သွားလာနိုင်သည့် အတိုင်းအတာဖြစ်သည့် ကြားလမ်းများကို ပေ ၂၀ အကျယ်နှင့် လမ်းမကြီးများကို



ပေ ၃၀ အကျယ်အထိ သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နေအိမ်များပြန်လည်ဆောက်လုပ်ရန်အတွက် ထရံအကာနှင့် တိုင်များကို အလှူရှင်က လှူဒါန်းမည်ဟု တင်ပြထားကြောင်း၊ မြေကွက်များ ပြန်လည်တိုင်းတာသတ်မှတ်ခြင်းကို တာဝန်ရှိသူများအဖွဲ့က ငါးရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလှူရှင်များက နေအိမ်များဆောက်လုပ်လှူဒါန်းမည်ဆိုပါက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာကော်မတီများထံ တင်ပြရန်လိုအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီများက ကြီးကြပ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းဇော်က သီရိမင်္ဂလာရပ်ကွက်နယ်မြေများတွင် ဦးပိုင်မြေကွက်ပေါင်း ၁၃၂ ကွက်သာ နေရာချထားရန် ကျန်ရှိတော့ကြောင်း၊ ယင်းမြေကွက်များအား တစ်နေ့မြေကွက် ၃၀ ခန့်ပြီးစီးအောင် တိုင်းတာသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်၍ ငါးရက်ခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း၊ မြေကွက်များတိုင်းတာသတ်မှတ်ပြီးပါက မိမိတို့နေအိမ်များ ပြန်လည်ဆောက်လုပ်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ မြေကွက်များ ပြန်လည်တိုင်းတာသတ်မှတ်ရာတွင် လမ်းနယ်မြေများပေါ်တွင် ကျူးကျော်ထားရှိမှုများကို ပြန်လည်နေရာသတ်မှတ်ပေးမည် မဟုတ်ကြောင်း၊ ကြားလမ်းများပေါ်တွင် ကျူးကျော်ပြီး နေအိမ်အဆောက်အအုံများ တည်ဆောက်မှုကိုလည်း လက်ခံမည် မဟုတ်ကြောင်း၊ နေအိမ်မြေကွက်များ ပြန်လည်တိုင်းတာသတ်မှတ်ပြီးစီးပါက အလှူရှင်များ၏လှူဒါန်းမှုဖြင့် ဆောက်လုပ်မည်ဆိုပါက မိမိတို့ထံ လာရောက်ဆက်သွယ်တင်ပြရန်လိုအပ်ကြောင်း၊ မိမိတို့ဆောက်လုပ်မည့် နေအိမ်ပုံစံများကိုလည်း တင်ပြရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခုနှစ် ဒီဇင်ဘာလမကုန်မီ ယာယီကယ်ဆယ်ရေးစခန်းများမှ မိသားစုဝင်များကို ပြန်လည်နေရာချထားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရခြင်းထက် မိမိနေအိမ်များတွင် ပြန်လည်နေထိုင်ခြင်းက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းကို မိသားစုဝင်များကဲ့သို့ ကိုယ်ချင်းစာနားလည်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် သီရိမင်္ဂလာရပ်ကွက် ပြန်လည်နေရာချထားရေး မြေကွက်သတ်မှတ်တိုင်းတာလုပ်ငန်းဆောင်ရွက်သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မိတ္ထီလာခရိုင်အားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် သီရိမင်္ဂလာရပ်ကွက် နယ်မြေ (၁)မှ(၆)နှင့် (၁၃)မှ (၁၆)အထိ ရပ်ကွက်များမှ အိမ်ထောင်စု ၂၆၀ (လူဦးရေ၈၈၀)ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရန်ကုန်မြို့လေထုအရည်အသွေး စစ်ဆေးသန့်စင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့အတွင်း စက်ရုံအလုပ်ရုံများနှင့် မော်တော်ယာဉ်များ တိုးတက်များပြားလာသည့်အတွက် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး တိုင်းတာစစ်ဆေးမှုများပြုလုပ်ကာ လေထုသန့်စင်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော်ကြီးကို အမြဲတမ်းစိမ်းလန်းသန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်အောင် ကြိုးစားလျက်ရှိပါတယ်။ ရန်ကုန်မြို့တော်ရဲ့ မြေထု၊ ရေထုသာမက လေထုကိုပါ သန့်ရှင်းတဲ့လေထုဖြစ်အောင် ကြိုးစားအားထုတ်လျက်ရှိပါတယ်။ စက်ရုံအလုပ်ရုံတွေနဲ့ မော်တော်ကားတွေက ထုတ်လွှတ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကြောင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် လာမည့် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းကာလမှာ ရန်ကုန်မြို့ရဲ့ နေရာ ၁၄ နေရာမှာ လေထုအရည်အသွေးစစ်ဆေးမှုတွေ ပြုလုပ်သွားမှာပါ" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါ လေထုအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းကို အမေရိကန်နိုင်ငံထုတ် စက်ကိရိယာများ အသုံးပြုကာ လေထုအတွင်း ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဖုန်မှုန့်၊ အပူချိန်နှင့် စိုထိုင်းမှုများကို စစ်ဆေးသွားမည်ဖြစ်ပြီး ရရှိသော စစ်ဆေးမှုရလဒ်အပေါ် မူတည်၍ လေထုသန့်စင်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပေါ်တွင် စက်မှုဇုန်များ ထူထောင်ထားပြီ ဖြစ်သော်လည်း အချို့သော စက်မှုလက်မှုလုပ်ငန်းများသည် လူနေရပ်ကွက်များအတွင်း ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် အခြေခံစား သောက်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းငယ်များသည် လူနေရပ်ကွက်များအတွင်း လည်ပတ် ထုတ်လုပ်လျက်ရှိနေသည်။



ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိစေသော အလုပ်ရုံတစ်ရုံကိုတွေ့ရစဉ်။

စက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိသော အနံ့ဆိုးများ၊ မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်အတွက် ကျန်းမာရေးထိခိုက်လျက်ရှိသည်။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သက္က**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**
**လျှောက်ထားကြောင်းအကြောင်းကြားစာ**
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၁၅**

ဒေါ်နော်ဖောဖော(ခ)နုနုဝင်း

အကွက် ၇၂၀၊ ၇၃×၇၄ လမ်းကြား၊ ၂၈×၂၉ လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊စိတ္တရမဟီရပ်ကွက်၊ ၂၈×၂၉လမ်းကြား၊၇၃×၇၄လမ်းကြား၊အကွက်၇၂၀နေ ဒေါ်နော်ဖောဖော(ခ)နုနုဝင်းက ကွယ်လွန်သူဦးစိုးမြင့်၏ ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်း ကွယ်လွန်သူ ဦးစိုးမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိုးမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်)တွင် လာရောက်ကြရမည်။၎င်းရက်တွင် လျှောက်ထားသူ ဒေါ်နော်ဖောဖော(ခ) ဒေါ်နုနုဝင်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောနွဲ့နွဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ဘူးသီးတောင်မြို့နယ် တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၈**

| | | |
|---|---|---|
| မစန္ဒာမိုး | **နှင့်** | အောင်သန်းမြင့် |
| **တရားလို** | | **တရားပြိုင်** |

ဘူးသီးတောင်မြို့နယ်၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ရွာနေ အောင်သန်းမြင့်(ဘ) ဦးအေးသာမောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေထွန်း)**
**မြို့နယ်တရားသူကြီး**
**ဘူးသီးတောင်မြို့**

**ရုံးငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**စမ်းချောင်းမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

| | | |
|---|---|---|
| ဒေါ်နီနီတင် | **နှင့်** | ၁။ ဦးသိန်းဖေ |
| | | ၂။ ဒေါ်အုန်းရင် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ဗိုလ်ဗထူး(၂)လမ်း၊ အမှတ် (၇၉)နေထိုင်သူ (ယခုလိပ်စာမသိ)တရားပြိုင်များဖြစ်သော(အစဉ်-၁)ဦးသိန်းဖေနှင့် (အစဉ်-၂)ဒေါ်အုန်းရင်တို့အားသိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ်အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန်စမ်းချောင်းမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီးရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သည်ရုံးသို့ လာရန်ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်ကချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

| | |
|---|---|
| **မွေးသက္ကရာဇ် အမှန်** | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ပန်းကုန်းကျေးရွာနေ ဦးသိန်းအောင်၏ သမီး မခိုင်ဝါနှင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၂-၁၉၉၅ ဖြစ်ပါသည်။ |

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အကြောင်းကြောင်းကြောင့် လက်ပြတ်တောက်လျှင် ရန်ကုန်ဆေးရုံကြီးသို့ အချိန်မီလာရောက်ကုသမှုခံယူပါ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် လက်သည် အလွန်အရေးပါသည်။ လှုပ်ရှားမှုအားလုံး၏ ၈၇ ရာခိုင်နှုန်းသည် လက်အစိတ်အပိုင်းများ ပင်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ထားကြသည်။ အကြောင်းကြောင်းကြောင့် လက်ထိခိုက်သွားသည့်အခါ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများကိုပင် မဆောင်ရွက်နိုင်ခြင်းကြောင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲခဲ့ကြရသည်။ သို့သော် မြန်မာနိုင်ငံအတွင်း အကြောင်းကြောင်းကြောင့် လက်ချောင်းများ၊ လက်ဖျံများ ထိခိုက်သည့်အခါ မပျက်ယွင်းသည့် ထုပ်ပိုးမှုဖြင့် သယ်ယူလာပြီး ပြန်လည်တပ်ဆင်နိုင်သည့်အပြင် အစားထိုးကုသခြင်းများကိုလည်း ကျွမ်းကျင်ပါရဂူကြီးများက အချိန်တိုတောင်းစွာနှင့် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်လာပြီဖြစ်သည်။



ပါမောက္ခဒေါက်တာ ခင်မောင်မြင့် (လက်ခွဲစိတ်အထူးကုဆရာဝန်ကြီး)

"လက်တွေပြတ်တောက်သွားတဲ့အခါ အစားထိုးကုသမှုနဲ့ ထုပ်ပိုးမှုစနစ်တကျနဲ့ သယ်ဆောင်လာနိုင်မယ်ဆိုရင် ချက်ချင်းပြန်လည်တပ်ဆင်ကုသမှုတွေကို မြန်မာနိုင်ငံမှာ လုပ်ဆောင်လာနိုင်တာ ဆယ်စုနှစ်နဲ့ချီနေပါပြီ။ သို့သော် လူသိနည်းကြသေးတယ်။ လက်ဆိုတာ လှုပ်ရှားမှုအတော်များများအတွက် အရေးပါတာမို့ ကျွန်တော်တို့အနေနဲ့ကတော့ အကောင်းဆုံးဖြစ်အောင် ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ခွဲစိတ်မှုများပြားလာတဲ့အတွက် အခုနောက်ပိုင်းမှာ အချိန်အားဖြင့် လျင်မြန်လာသလို ပိုမိုသပ်ရပ်ကောင်းမွန်တဲ့ အရိုးဆက်မှု၊ သွေးကြောသွယ်ဆက်မှု အတွေ့အကြုံကောင်းတွေ ရရှိလာပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောကြားသည်။


ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးဒေါက်တာလှမြင့်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဌာနကို ၁၉၇၆ ခုနှစ်ကတည်းက ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံမှ ၁၉၇၉ ခုနှစ်တွင် ပါမောက္ခဒေါက်တာမျိုးမြင့်က ပထမဆုံးအကြိမ်အဖြစ် ပြတ်သွားသည့် လက်တစ်ဖက်ကို ပြန်လည်ဆက်ပေးနိုင်ခဲ့သည်။

"ကျွန်တော်တို့မြန်မာလူမျိုးတွေက ဓားကို အလွန်အသုံးပြုကြတယ်ဗျ။ ခိုက်ရန်ဖြစ်ရင် ဓားနဲ့ခုတ်တယ်။ အများစုက လက်နဲ့ကာကြတယ်။ အဲဒီတော့ ရန်ဖြစ်ထိခိုက်မှုအများဆုံးက လက်ကို ထိခိုက်ကြတယ်။ အခုနောက်ပိုင်းမှာ စက်ရုံအလုပ်ရုံတွေ ပေါ်များလာတယ်။ လုပ်သားတွေ ထိခိုက်မှုအများဆုံးက လက်မှာဖြစ်တယ်။ လက်ချောင်းကလေးတွေ ပြတ်တယ်။ လက်ဖျံကနေ ပြတ်တယ်။ လက်မောင်းကနေ ပြတ်တယ် အမျိုးမျိုးရှိတယ်။ သွေးထွက်မလွန်ရင်တော့ ရုတ်တရက်သေဆုံးတဲ့အထိ မဟုတ်ပေမယ့် ဘဝတစ်လျှောက်လုံး လူဖြစ်ရှုံးကြရတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လက်ခွဲစိတ်ဆရာဝန်တွေက ကြိုးစားသင်ယူကြတယ်။ ၂၀၀၀ပြည့်နှစ်မှာ လက်ပြတ်တွေကို ပြန်ဆက်ရုံတင်မက တာဝန်ယူလှုပ်ရှားနိုင်အောင်အထိ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တယ်" ဟု ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ပြောကြားသည်။

စက်ရုံအလုပ်ရုံများနှင့် လယ်ယာလုပ်ငန်းများအတွင်း မတော်တဆထိခိုက်မှုကြောင့် လက်ချောင်း၊ လက်ဖျံနှင့် လက်မောင်းများ ပြတ်တောက်ပါက "လက်ပြတ်ခဲ့ရင် ပြတ်နေတဲ့လက်ကို ပလတ်စတစ်အိတ်နဲ့ လေလုံအောင်ထည့်ပါ။ ပြီးရင် ရေခဲဘောက်စ်ထဲမှာ ရေခဲတွေအုံပြီး ရန်ကုန်ဆေးရုံကြီးကို လူနာနဲ့အတူ ခြောက်နာရီအတွင်း အရောက်လာနိုင်မယ်ဆိုရင် အကောင်းပကတိပြန်ဆက်နိုင်ပါတယ်။ ကျွန်တော်တို့ စမ်းသပ်မှုအရ ရေခဲရိုက်ထားတဲ့လက်ကို နာရီ ၃၀ ကြာတဲ့အထိ ထိန်းသိမ်းထားလို့ရပါတယ်။ ဒါပေမယ့် အေးခဲအဆင့်တော့ မရောက်သွားအောင် သတိထားရမှာဖြစ်ပါတယ်" ဟု ဒေါက်တာခင်မောင်မြင့်က ပြောကြားသည်။

ပထမဆုံးအတွေ့အကြုံအရ ၂၀၀၆ ခုနှစ်တွင် လက်မောင်းမှ ပြတ်တောက်သွားသော လူနာတစ်ဦးကို ပြန်လည်ဆက်ရာ ၁၃ နာရီခန့် ကြာမြင့်သော်လည်း ကိုးလအကြာတွင် လက်ပြန်လည်လှုပ်ရှားလာနိုင်ခဲ့ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

လက်ချောင်းများ အစားထိုးခြင်းကိုလည်း ဆယ်စုနှစ်တစ်ခုအကြာခန့် လုပ်ဆောင်လာနိုင်ပြီဖြစ်ပြီး လူနာပေါင်း ၃၈ ဦးခန့်ကို ခြေချောင်းများမှ ပြန်လည်ခွဲစိတ်ရယူကာ အစားထိုးတပ်ဆင်မှု အောင်မြင်ခဲ့ကြောင်း သိရသည်။

"လက်ချောင်းတွေမှာ လက်မက ၄၅ ရာခိုင်နှုန်းအရေးပါတယ်။ မလေးရှားက ရော်ဘာစက်ရုံမှာ အလုပ်လုပ်ရင်းနဲ့ ကျွန်တော့်လက်မ ပြတ်တောက်သွားခဲ့တယ်။ စက်ရုံကခွင့်သုံးလပေးလိုက်ပါတယ်။ လျော်ကြေးလည်း ရပါတယ်။ ရန်ကုန်လေဆိပ်ကနေ ရန်ကုန်ဆေးရုံကြီးကို တန်းလာခဲ့တယ်။ လက်မမရှိရင် ကျွန်တော်ဆက်အလုပ်လုပ်ဖို့ မလွယ်ကူတဲ့အတွက် ပြန်အစားထိုးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ခြေခလယ်ကို အရင်ဆုံးခွဲစိတ်ယူပြီး လက်မနေရာမှာ အစားထိုးတပ်ဆင်ထားပါတယ်" ဟု အောက်တိုဘာ ၂၉ ရက်က ခွဲစိတ်မှုခံယူထားသော အသက် ၃၁နှစ်အရွယ်ရှိ ကိုထွန်းလွင်စိုးက ပြောကြားသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**


လက်မအစားထိုးကုသမှုခံယူထားသူ ကိုထွန်းလွင်စိုး

## လက်တွေ့အသုံးချ ဥပဒေအခြေခံ ဘာသာရပ်ဆိုင်ရာများ မြန်အောင်၌ ဟောပြော

**မြန်အောင် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့က စီစဉ်ကျင်းပသော အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး ဗဟိုအဖွဲ့ဝင် ရှေ့နေကြီး ဦးအေးပိုင်၏ လက်တွေ့အသုံးချ ဥပဒေအခြေခံဘာသာရပ် ဆိုင်ရာ ဟောပြောပွဲကို မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက် တာဝတိံသာ ဘုရားဓမ္မာရုံ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြန်အောင်မြို့နယ် သံဃမဟာနာယက ဥက္ကဋ္ဌ ကံလှကျောင်းတိုက် ဆရာတော်နှင့် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သာယာကုန်းကျောင်းတိုက်ဆရာတော်တို့က သြဝါဒစကားများ ချီးမြှင့်ခဲ့ကြပြီး အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ ဗဟိုမှ ဥပဒေအကြံပေး ရှေ့နေကြီး ဦးအေးပိုင်က အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး သိကောင်းစရာများအကြောင်း၊ အမျိုးစောင့်ဥပဒေ ပြဋ္ဌာန်းပေးရန် တောင်းဆိုရခြင်းအကြောင်းများ၊ ဝံသာနုရက္ခိတအဖွဲ့ ဖွဲ့စည်းရခြင်းအကြောင်းများနှင့် အမျိုးဘာသာသာသနာကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်သင့်သည်များကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာလေးများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**နေဝင်းဇော်(မြန်အောင်)**

## ကျွန်းလှမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသင်းချိုတို့က ကျွန်းလှမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကျွန်းလှမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌများက လမ်း၊ တံတား၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ သစ်တောများအစားထိုးစိုက်ပျိုးပြုစုရေးတို့ကို လုပ်ငန်းဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**


### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ် ၆ ရပ်ကွက်နေ ဦးစိုးလွင်(ထောင်မှူး-ငြိမ်း)-ဒေါ်အမာခိုင် (အထက-ငြိမ်း)တို့၏သား

**မောင်စိုးမြတ်နိုးအောင်လွင်**

**B.Med.Tech (Physiotherapy)**

**နှင့်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မန်ကျည်းကုန်းလမ်းနေ ဦးစိုးဝင်း (လ/ကထိက၊ အဏ္ဏဝါသိပ္ပံဌာန၊ မြိတ်တက္ကသိုလ်)- ဒေါ်ခင်မိုး(စိုးမိုး-ကုန်စုံဆိုင်) တို့၏သမီး

**မဆုမြတ်မွန်**

**B.Med.Tech (Physiotherapy)**

တို့သည် ၂၀-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးမြတ်နိုးအောင်လွင်-မဆုမြတ်မွန်**

### သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ ဟိုတယ်၊ အဆင့်မြင့်အိမ်ရာများတွင်သုံးရန် သစ်များအက်ကွဲခြင်း၊ ကျုံ့ခြင်း၊ ကွေးခြင်း၊ လိမ်ကောက်ခြင်း၊ မူလသဘာဝအရောင်မပျက်အောင်ထိန်းသိမ်းခြင်း၊ မှိုတက်ခြင်းများကာကွယ်ရန်အတွက် သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊အဆင့်မြင့်သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

**ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊ ၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၂၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ အမှတ် ၂၁၊ အခန်း D-3 တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကေသီကြွယ် ၁၂/ဥကတ(နိုင်)၀၅၅၉၁၈ထံမှ တိုက်ခန်းနေထိုင်မှု လွှဲပြောင်းခြင်းနှင့် စီမံခန့်ခွဲခွင့် လွှဲပြောင်းပေးခြင်းဖြင့် ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုစိန် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၆၂)**
**တိုက် ၉/၁၁၊ အခန်း ၂၀၂-A၊ ၃၆ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်အေးမြင့် ISN-၁၆၀၇၃၃ ၁၂/လမန(နိုင်)၀၁၈၀၁၈(မှ) | ဒေါ်ခင်ငြိမ်းနု ၁၂/မရက(နိုင်)၀၉၈၁၈၁ | တိုက်အမှတ်(၇)၊ အခန်းအမှတ်(၂၇)၊ ဗဒင်အိမ်ရာ၊သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ မေတ္တာမွန်လမ်းနေ ဦးအောင်ကိုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်(ရေငယ်)၊ ဦးပိုင်အမှတ်(N-44)အတွင်းမှ မြေဧရိယာ ၀ ဒသမ ၈၇ ဧကခန့်၊ အကျယ်အရှေ့ ၂၆၅ပေ၊အနောက် ၂၁၆ ပေ၊ တောင် ၁၃၅ ပေ၊ မြောက် ပေ၂၄၀ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်များအား (၁-၉-၂၀၁၄) ရက်စွဲပါ နှစ်ဦးသဘောတူ ယာမြေအရောင်းအဝယ် ပထမအကြိမ် စရန်ငွေပေး ကတိစာချုပ်ဖြင့် ဦးအောင်ကိုလွင်မှ ဦးရန်နောင်စိုး ၉/မဟမ(နိုင်)၀၀၅၈၀၅အား ရောင်းချထားပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ခံယူခဲ့ပါသည်။ အဆိုပါ အရောင်းအဝယ်စာချုပ်ပါ သဘောတူညီချက်များအပိုဒ်(၂)အရ ၁-၁၀-၂၀၁၄ ရက်တွင် ဒုတိယအရစ်ငွေအား အပိုင်ဝယ်သူမှ ပေးချေရန်ဖြစ်သော်လည်း အပိုင်ဝယ်သူမှ အရောင်းအဝယ်ဆက်လက်ပြုလုပ်လိုသည့်ဆန္ဒမရှိတော့၍ ၁-၉-၂၀၁၄ ရက်စွဲပါ စရန်ပေးကတိစာချုပ်အား ပယ်ဖျက်ကြောင်း ရောင်းသူ ဦးအောင်ကိုလွင်အား ဆက်သွယ်အကြောင်းကြားလာ၍ ၁-၉-၂၀၁၄ ရက်စွဲပါ ရောင်းသူ ဦးအောင်ကိုလွင်နှင့် ဝယ်သူ ဦးရန်နောင်စိုးတို့ ချုပ်ဆိုထားသော နှစ်ဦးသဘောတူ ယာမြေအရောင်းအဝယ် ပထမအကြိမ် စရန်ငွေပေးကတိစာချုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်၁၂၈၊၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁**

**ဒေါ်နှင်းယုမွန် (LL.B)**
**အထက်တန်းရှေ့နေ**
**လပ်ကီးဆဲဗင်းဘော်ဒါဆောင်**
**အိမ်အမှတ်(၄၉-စ)၊(၃)ကွက်၊**
**ရကက(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၆၅၀**

# ဂန့်ဂေါမြို့နယ် အုံ့တုံးတောင်တော်တွင် သာသနိကအဆောက်အအုံများ တိုးပွား

**ဂန့်ဂေါ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာအနီး၌တည်ရှိသော အုံ့တုံးတောင်တော်တွင် သာသနိကအဆောက်အအုံများ တိုးပွားလာပြီး တရားဘာဝနာရှုမှတ်သူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလာလျက်ရှိကြောင်း သိရသည်။

အုံ့တုံးတောင်တော်သည် စိုင်ဒူးကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းဘေးတွင် တည်ရှိပြီး ယင်းတောင်တော်ပေါ်တွင် ကောဇာသက္ကရာဇ် ၄၅၇ ခုနှစ်က ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ထားသည့် အုံ့တုံးတောင်စေတီတော် တည်ရှိသည်။ ယင်းစေတီတော်ကို ကောဇာသက္ကရာဇ် ၁၁၆၉ ခုနှစ်က ဘုန်းတော်ကြီး ဦးပညာဒီပနှင့် ဦးပညာသာရတို့ကြီးမှူး၍ တစ်ကြိမ်ပြုပြင်ခဲ့ပြီးနောက် နှစ်ကာလကြာမြင့်လာသောအခါ စေတီတော်မှာ ပြိုပျက်၍ တောင်တော်မှာလည်း ချုံနွယ် ပိတ်ပေါင်းတို့ထူထပ်ကာ လူသူအရောက်အပေါက်နည်းသည့်နေရာ တစ်ခုဖြစ်ခဲ့သည်။ ယင်းနောက် ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ်တွင် တောင်တော်သို့ စတင်ကြွရောက်သီတင်းသုံးတော်မူသော ပထမအုံ့တုံးတောင်ဆရာတော် ဘဒ္ဒန္တတေဇောသာရနှင့် ကောဇာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် တောင်တော်သို့ စတင်ကြွရောက်သီတင်းသုံးတော်မူသော အုံ့တုံးတောင် ဒုတိယဆရာတော် ဘဒ္ဒန္တသြဘာသတို့က စေတီတော်ကို ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ ယခုအခါ တောင်တော်ပေါ်တွင် အုံ့တုံးတောင်စေတီတော်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပြီ ဖြစ်သည့်အပြင် သာသနိကအဆောက်အအုံများလည်း တိုးပွားလာလျက်ရှိရာ သာသနိကအဆောက်အအုံ အကြီး၊ အသေး စုစုပေါင်း ၂၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ ယင်းတောင်တော်တွင် တရားစခန်းများဖွင့်လှစ်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး ဘုရားဖူး ပရိသတ်များလည်း လာရောက်လျက်ရှိသည်။



အုံ့တုံးတောင်တော်သည် သစ်တော၊ ဝါးတောကြီးများဖြင့် စိမ်းစိမ်းစိုစိုရှိပြီး မျောက်၊ တောကြက်စသော တောရိုင်းတိရစ္ဆာန်ငယ်များလည်း ကျက်စား နေထိုင်လျက်ရှိသည်။ တောင်ခြေတွင် ရစ်ခွေစီးဆင်းနေသော ဇာဟောချောင်း၏ သဘာဝအလှနှင့် ချောင်းဘေးတစ်လျှောက်ရှိ သီးနှံစိုက်ခင်းများ၏ ရှုမျှော်ခင်းအလှကလည်း ဧည့်ပရိသတ်များကို ဆွဲဆောင်လျက်ရှိသည်။ အုံ့တုံးတောင်တော်သည် တရားရှာမှီးသူများအတွက် နေရာဌာနကောင်းတစ်ခုဖြစ်သည့်အပြင် ပြည်တွင်း ပြည်ပခရီးသွားများအတွက်လည်း အပန်းဖြေ လေ့လာစရာကောင်းသော နေရာတစ်ခုပင်ဖြစ်သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# အထီးကျန်နေသောဘိုးဘွားများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ ဆက်သွယ်နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် ၆၄ ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ စောင့်ရှောက်မှုလိုအပ်နေသော အဘိုးအဘွားများနှင့် လှူဒါန်းလိုသူများ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ ခုမှ လာရောက်စာရင်းပေးသွင်းထားသော အဘိုးအဘွား ၁၂၉ ဦးရှိပြီး နေ့စဉ် အဘိုးအဘွား ၇၀ မှ ၇၅ ဦးခန့် လာရောက်စောင့်ရှောက်မှု ခံယူလျက်ရှိသည်။ ဂေဟာမှ နေ့လယ်စာထမင်းကျွေးပြီး လက်ဖက်ရည်၊ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်းနှင့် မုန့်များ နှစ်ကြိမ်တိုက်ကျွေးသည်။ ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ နေ့ပိုင်းစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

အထီးကျန်ဖြစ်ကာ စောင့်ရှောက်မှုလိုအပ်နေသော အသက် ၇၀ အထက် အဘိုးအဘွားများအနေဖြင့် စောင့်ရှောက်မှုလိုအပ်ပါကလည်းကောင်း၊ ဂေဟာရှိအဘိုးအဘွားများအား လှူဒါန်းလိုပါကလည်းကောင်း ဖုန်း-၀၁-၆၅၇၉၁၄ နှင့် ၀၁-၆၅၇၀၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်သည်မှာ တစ်နှစ်ရှိခဲ့ပြီဖြစ်ပြီး တစ်နှစ်ပြည့်အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဂေဟာရှိ ဝန်ထမ်းများနှင့် အဘိုးအဘွား ၇၅ ဦးတို့ ပါဝင်၍ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ ဂေဟာအုပ်ချုပ်ရေးမှူး ဒေါ်ကေသီကျော်က သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုကို မြန်မာနိုင်ငံတွင် လူမှုအကူအညီပေးရေးဆိုင်ရာလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အထီးကျန်နေရသည့် ဘိုးဘွားများကို နေ့ပိုင်းစောင့်ရှောက်မှုပေးခြင်းသည် အလွန်အရေးကြီးကြောင်း၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ စောင့်ရှောက်ဖြည့်ဆည်းပေးခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်းစိတ်ဓာတ်ဖြင့် လူတိုင်းပါဝင်ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂေဟာဖွင့်ရက်တိုင်း အမြဲလာရောက်သော အသက် ၈၄ နှစ်ရှိ အဘိုးဦးအုန်းမြင့်(မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းနာယက) က ဂေဟာကိုဂုဏ်ပြုသည့် မော်ကွန်းရတုကို ကိုယ်တိုင်ရေးစပ်ဖတ်ကြားပြီး ဂေဟာမှ အဘိုးအဘွားများက ကျေးဇူးတင်ဝမ်းမြောက်စကားများ ပြောကြားကြသည်။ ထို့နောက် တစ်နှစ်ပတ်လုံး ရက်ပျက်မရှိ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ကာ အဘိုးအဘွားများအား အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သတင်းတိုများ

### ဦးနုထာဝရရန်ပုံငွေအဖွဲ့ အလှူငွေထောက်ပံ့

နာမကျန်းဖြစ်နေသောစာရေးဆရာများအား ငွေကြေးထောက်ပံ့ပေးရန်အတွက် ဝန်ကြီးချုပ်ဟောင်းဦးနု၏သမီး ဒေါ်စန်းစန်းနုတည်ထောင်ထားသော ဦးနုထာဝရရန်ပုံငွေအဖွဲ့က အစာအိမ်ကင်ဆာရောဂါကြောင့် ခွဲစိတ်မှုခံယူထားရသော ကျောက်မဲမြို့နယ် စာရေးဆရာအသင်းအတွင်းရေးမှူး ဦးမောင်မောင်(စိုင်းမောင်မောင်-ကျောက်မဲ) အတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို ကျောက်မဲမြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးကျော်ဝင်းမောင်(ကျောက်မဲကျော်ဝင်းမောင်)ထံပေးပို့ထောက်ပံ့ခဲ့ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်လွင်(မင်းသံလွင်)နှင့် ဦးကျော်ဝင်းမောင်တို့က နိုဝင်ဘာ ၂၀ ရက်က ဦးမောင်မောင်နေအိမ်သို့သွားရောက်၍ ထောက်ပံ့ငွေကို ပေးအပ်ခဲ့ကြောင်း သိရသည်။ နာမကျန်းဖြစ်နေသော စာရေးဆရာများသည် ဦးနုရန်ပုံငွေအဖွဲ့ အမှတ်(၄၂)ပြည်ထောင်စုရိပ်သာလမ်း ဆရာစံလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်သို့ ထောက်ပံ့ကြေး ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(၀၉၀)**

### အထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသန့်စံပြစိုက်ခင်း သရုပ်ပြ

တစ်ဧကဝါပိဿာ တစ်ထောင်ကျော်ထွက်နိုင်သည့် ရွှေတောင်(၈) နှင့် ငွေချည်(၉) အထူးအထွက်တိုး ချည်မျှင်ရှည်ဝါ မျိုးသန့်စံပြစိုက်ခင်းတောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၁ ရက်က ပျော်ဘွယ်မြို့နယ် အုန်းပင်ကျေးရွာ၌ ကျင်းပခဲ့ပြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က သိပ္ပံနည်းကျအထွက်တိုးစိုက်ပျိုးနည်း (၁၀)ချက်ကို တောင်သူများကို ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### မိုးစပါး ကွင်းသရုပ်ပြပွဲကျင်းပ

မိုးစပါးစိုက်ရာသီတွင် စိုက်ပျိုးရန် ဆားငန်ဒဏ်ခံစပါး၊ ရေငတ်ဒဏ်ခံစပါး နှစ်မျိုးနှင့် ဆင်းသုခစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုး ကွင်းသရုပ်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက စမ်းသပ်ကွက်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန တာဝန်ခံ ဦးရန်နိုင်လင်းက ဆားငန်ခံစပါး၊ ရေငတ်ခံစပါးနှစ်မျိုးကို အဆင့်ဆင့်စမ်းသပ်စိုက်ပျိုးပြီး စပါးတစ်မျိုးချင်းစီ၏ အရည်အသွေးနှင့် ဆန်ထွက်ရာခိုင်နှုန်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### မိုးစပါးအထူးအထွက်တိုးပုလဲသွယ်စံကွက်ရိတ်သိမ်း

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပန်းစွာကျေးရွာတွင် မြေအောက်ရေသောက် မိုးစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပရာ တစ်ဧကစပါးအစိုအထွက်နှုန်း ၁၃၂ ဒသမ ၇၇တင်းထွက်ရှိပြီး စပါးအခြောက်အထွက်နှုန်း ၁၂၂ ဒသမ ၀၆ တင်းထွက်ရှိပြီး စံကွက်ရိတ်သိမ်းပွဲတွင် မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးခင်ဦးနှင့် ဇုန်တာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်ဦးတို့က အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးသင့်ကြောင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်း(၁၄)ချက်နှင့်အညီစိုက်ပျိုးကြရန် တောင်သူများကို အသိပညာပေးဆွေးနွေးခဲ့သည်။ **အိမွန်ဆွေ(ရေစကြို)**


**အထက(၂)ရန်ကင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား**

**ဖိတ်ကြားလွှာ**

၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ပြီး၊ ကျောင်းဂုဏ်ဆောင်ခဲ့ကြသော၊ ခြောက်ဘာသာဂုဏ်ထူး(၃)ဦး၊ ငါးဘာသာဂုဏ်ထူး(၁၄)ဦး၊ လေးဘာသာဂုဏ်ထူး(၁၇)ဦး၊ သုံးဘာသာဂုဏ်ထူး(၂၁)ဦး၊ နှစ်ဘာသာဂုဏ်ထူး(၁၄)ဦး၊ တစ်ဘာသာဂုဏ်ထူး(၃၃)ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၈-၁၁-၂၀၁၄ ရက်(သောကြာနေ့)

**အချိန်** - နံနက် ၈း၀၀နာရီ

**နေရာ** - ရွှေဆောင်ခန်းမ၊ အထက(၂)ရန်ကင်း



**အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၇၀၇၊ စံရိပ်ငြိမ်လမ်း၊ အိမ်အမှတ် (၇၀၇)ဟုခေါ်တွင်သော (အလျားပေ၄၀× အနံပေ၆၀)အကျယ်ရှိနှစ်ဖ၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံ စားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်း ၁၂/လမန(နိုင်) ၀၀၉၄၄၁နှင့် သမီး ဒေါ်တင်တင်ဝင်း ၁၂/လမန(နိုင်) ၀၀၉၄၄၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကနှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရှိထားခဲ့ပါသည်။ ယခုအခါ ဝယ်ယူသူအမည်ပေါက် ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်သွင်း နိုင်ရန်အတွက် ရောင်းချသူများဘက်မှ လိုက်ပါဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အဆိုပါအိမ်နှင့်မြေအားရောင်းချသူ ဦးကျော်ဝင်းနှင့် သမီး ဒေါ်တင်တင်ဝင်းတို့သည် ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်သွင်းနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးပါရန် အသိပေးတောင်းဆိုလိုက်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းနွယ်(စဉ်-၈၃၂၈)** **ဒေါ်ခင်မာမာ(စဉ်-၁၄၇၁၄)**
**LL.B,WIPO(Geneva)** **B.Econ,H.G.P,R.L.I,D.B.L,D.L101**
**တရားလွှတ်တော်ရှေ့နေ** **WIPO(Geneva)**
**စီးပွားရေးနှင့်ဥပဒေဆိုင်ရာအတိုင်ပင်ခံရှေ့နေ**

**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၁၂၅၇၁၊ ၀၉-၇၃၀၃၅၆၅၈**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၇၅၀၁၆ Tusta 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ခိုင်စိုး၅/စကန(နိုင်)၀၅၅၂၇၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၇)၊ မြေကွက်အမှတ်(၆၈)၊မြေအမည်ပေါက်ဦးသိမ်းစိုးထွန်း၁၂/မဘန(နိုင်)၀၀၆၃၈၆ ထံမှ မြေကွက်ဝယ်ယူထားသူ ဦးထွန်းလင်းအောင် ၁၂/ဥကတ(နိုင်)၁၄၄၇၇၁ က မြေချပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ (၅၅) ရပ်ကွက်၊ အမှတ် (၁၀၈၉) နေ ဦးခင်မောင်အေး မှတ် ပုံတင်အမှတ် (၁၂/ရပသ(နိုင်) ၀၁၈၈၂၁)-ဒေါ်ခင်မြသီ (၁၂/ရပသ (နိုင်)၀၀၁၉၆၆) တို့၏ သားဖြစ်သူ မောင်ဝင်းလှိုင်(ခ)မောင်ထူး (၇/တထပ (နိုင်)၀၅၈၂၅၉) သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မြူမှုနေထိုင်ခဲ့ပါသဖြင့် ၎င်းအားကြော်ငြာပါသည့်နေ့မှ၍ ၎င်းအားအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးခင်မောင်အေး+ဒေါ်ခင်မြသီ**



**အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း**

ဦးသိန်းလွင် ၁၂/ဒဂန(နိုင်)၀၂၂၇၅၄က ဒေါ်စမ်းစမ်းနွယ် ၁၃/မဘန(နိုင်) ၀၁၀၉၂၃သို့ ၁၇-၁-၂၀၁၃ရက် အမှတ်စဉ်-၉၆၂/၁၃ အထူးကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်သည်။ **ဦးသိန်းလွင်**



**အမှားပြင်ဆင်ချက်**

၂၂-၁၁-၂၀၁၄ ရက် ကြော်ငြာကဏ္ဍ စာမျက်နှာ (၁)ပါ ““နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း””ကြော်ငြာတွင် ဒေါ်တိုးတိုးလွင်နှင့် ဦးအောင်နိုင်ထွန်းတို့၏ နှစ်ဦးသဘောတူ ကွာရှင်းပြီးသောရက်စွဲကို ၁၄-၁၁-၂၀၁၁ အစား ၁၄-၁၁-၂၀၁၃ ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးကျော်ဒင် (တရားလွှတ်တော်ရှေ့နေ)**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**ကျုံပျော်မြို့နယ်တရားမရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၆၈**

ဒေါ်စန်းငွေး နှင့်
(၁) ဒေါ်အုန်းမေ
(၂) ဒေါ်ဆန်းကြည်
(၃) မမိုးစန္ဒာဝင်း
(၄) မောင်ကိုကိုနိုင်
(၅) မခင်စန်းဝင်း
(၆) ကိုစံအောင်
(၇) ကိုသိန်းဆောင်
(၈) ကိုကျော်လင်း
(၉) ကိုအောင်ကျော်(ခ)အောင်ကျော်ဆန်း

**တရားလို** **တရားပြိုင်များ**

ကျုံပျော်မြို့နယ်၊ ကွင်းသာအုပ်စု၊ မော်သေးကျေးရွာနေ (ယခုလိပ်စာမသိ) အမှတ်(၆) တရားပြိုင် ကိုစံအောင် သိစေရမည်။

